ကြေးမုံ
The Mirror Daily
Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၂ ရက်၊ စနေနေ့။ Saturday, 15 August 2020 ၁၀၁၀၅

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# နေပြည်တော်ကောင်စီနယ်မြေ သီရိ(၅)မြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ မဲစာရင်းများ ကပ်ထားကြေညာထားရှိမှု လိုက်လံကြည့်ရှု



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ မဲပေးခွင့်ရှိသူများစာရင်း ကပ်ထားကြေညာထားရှိမှုကို ကြည့်ရှုစဉ်။

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့ရှိ ရပ်ကွက်နှင့် ကျေးရွာများ၌ မဲစာရင်းများ ကပ်ထားကြေညာထားရှိမှုကို လိုက်လံကြည့်ရှုသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးညီထွန်း၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွေးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

ကြေးမုံ ယနေ့ ဖတ်စရာ

ဒုတိယအကြိမ် ကိုဗစ်-၁၉ ချေးငွေ လျှောက်လွှာ ၁၀၀၀၀ ကျော် လက်ခံရရှိ
စာမျက်နှာ » ၃

ကိုဗစ်အလွန် အဆင့်မြင့်ပညာ ဘာသာရပ်အသစ်များ(၈) မျက်မှောက်ခေတ် နိုင်ငံတကာ ဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံပညာ
ဆောင်းပါး စာမျက်နှာ » ၆

## အိန္ဒိယနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

နေပြည်တော် ဩဂုတ် ၁၄

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အိန္ဒိယနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၂၂ ဦးအား မြန်မာအမျိုးသားလေကြောင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍



ကြေးမုံ

# ပြည်ထောင်စုအိပ်မက်ကို ကြိုးပမ်းပုံဖော်

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးခရီးကို ခက်ခဲကြမ်းတမ်းစွာ လျှောက်လှမ်းနေရဆဲဖြစ်သည်။ ပြည်သူ့အစိုးရ နိုင်ငံတော်ကိုတာဝန်ယူသောကာလတွင် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးအတွက် အဓိကကျသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ အစည်းအဝေးကို သုံးကြိမ် ကျင်းပနိုင်ခဲ့သည်။ မကြာမီရက်ပိုင်းတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ထပ်မံကျင်းပတော့မည်ဖြစ်သည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဩဂုတ်လက ကျင်းပခဲ့ပြီးနောက်ပိုင်းတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ နှောင့်နှေးတုံ့ဆိုင်းသွားခဲ့သည်။ တရားဝင် အစည်းအဝေးများ ခေါ်ယူကျင်းပနိုင်ခြင်းမရှိသည့်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်း ရပ်ဆိုင်းသွားသည့်အနေအထားအထိ ကြုံတွေ့ခဲ့ရသည်။ ထိုသို့ကြုံတွေ့နေသော်လည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)သည် နှစ်နှစ်တာကာလအတွင်း အလွတ်သဘောတွေ့ဆုံမှုများ၊ တရားဝင်အစည်းအဝေးများကို တစ်ဖွဲ့ချင်း၊ အစုအဖွဲ့အလိုက် ကြိမ်ဖန်များစွာ တွေ့ဆုံပြုလုပ်ခဲ့ပြီး ရပ်ဆိုင်းသွားသည့် NCA လမ်းကြောင်းကို ပြန်လည်ဆယ်တင်ရန်၊ ဆိုင်းငံ့သွားသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြန်လည်စတင်နိုင်ရန် နည်းလမ်းပေါင်းစုံ ကြိုးပမ်းအားထုတ်ခဲ့ရသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ပေါ်အောင် ဆောင်ရွက်ရာတွင် NRPC သည် အရေးပါသောအဖွဲ့အစည်းဖြစ်သည်။ NRPC ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ကို (၉)ကြိမ်မြောက်ကျင်းပနိုင်ခဲ့ပြီး အစည်းအဝေးမှ ငြိမ်းချမ်းရေးခရီးအတွက် ရလဒ်ကောင်းများ ဆောင်ကြဉ်းပေးနိုင်ခဲ့သည်။ ထိုသို့ဖော်ဆောင်နိုင်ခဲ့သဖြင့် NRPC ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ကာလအတွင်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) တွင် ငြိမ်းချမ်းရေးဦးဆောင်သူများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များအား ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဦးဆောင်ကြိုးပမ်းဆောင်ရွက်ချက်များအရ ငြိမ်းချမ်းရေး ဦးဆောင်သူများဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို လက်ရောက်ပေးအပ်ခဲ့သည်။

ငြိမ်းချမ်းရေးအတွက် ဦးဆောင်ကြိုးပမ်းကြသူများသည် နှစ်ပေါင်းများစွာ သဘောထားကွဲခဲ့ကြသည့် ပြည်ထောင်စု၏ရှေ့ခရီးအတွက် ငြိမ်းချမ်းစွာရှေ့ဆက်ကြမည့် ဘုံတူညီချက်ကို ရှေးရှုနိုင်ရန် ဦးစွာကြိုးပမ်းခဲ့ကြသည်။ နားလည်မှုများ မျှဝေကြပြီး ယုံကြည်မှုများ တည်ဆောက်ကြရသည်။ ထိုသို့နားလည်မှု၊ ယုံကြည်မှုများ ရရှိနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသော အချိန်ကာလများအတွင်း ပဋိပက္ခများကြောင့် တိုင်းရင်းသားပြည်သူများမှာ ဒဏ်ရာဒဏ်ချက်များ၊ နာကျင်မှုဝေဒနာများ ကြုံတွေ့ခံစားနေကြရသည်။ တိုင်းရင်းသားပြည်သူများ၏ ကိုယ်တွေ့ခံစားချက်များနှင့် လိုအင်ဆန္ဒများကို ၎င်းတို့နှင့်ထပ်တူခံစား၍ ပြန်လည်ဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။ ဖြည့်ဆည်းပေးရမည့်အချိန်လည်း ကျရောက်နေပြီဖြစ်သည်။

ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းအားထုတ်မှုများကြောင့် ယခုအခါ ကွဲပြားခြားနားမှုများကြားမှ အားလုံးသဘောတူလက်ခံနိုင်သည့် အဆင့်လိုက် လမ်းစဉ်တစ်ခု၊ အသေးစိတ်အစီအစဉ်တစ်ရပ်ကို သဘောတူရှာဖွေနိုင်ခဲ့သည်။ ယင်းတို့သည် နှစ်ဖက်အလုပ်အဖွဲ့များ တင်ပြလာသည့် (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင်ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)၏ မူကြမ်းပင် ဖြစ်သည်။ ပြည်ထောင်စုသဘောတူစာချုပ်သည် ရင်ဆိုင်ကြုံတွေ့နေရသည့် လက်ရှိမြန်မာ့နိုင်ငံရေး အကျပ်အတည်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ အကျပ်အတည်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးနှင့် ချိတ်ဆက်ပြီး ဖြေရှင်းနိုင်မည့်လမ်းကြောင်းတစ်ခုကို ဖော်ထုတ်နိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ (၉)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ အစည်းအဝေးတွင် NRPC ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ခဲ့သည့်အတိုင်း မိမိတို့နိုင်ငံ၏ အတိတ်ကခါးသီးသည့် အတွေ့အကြုံများကို ဖြေဖျောက်ပေးနိုင်ရန်၊ ယနေ့ရင်ဆိုင်ကြုံတွေ့နေရသည့် ပြည်ထောင်စု၏ အခက်အခဲများကို ပြေလည်စေရန်နှင့် မိမိတို့တိုင်းရင်းသားအားလုံး၏ အနာဂတ်ပြည်ထောင်စုအိပ်မက်ကို အကောင်းဆုံးပုံဖော်နိုင်ရန်အတွက် မိမိတို့အားလုံး ဆက်လက်ပြီး ကြိုးပမ်းကြရဦးမည်ဖြစ်ပါကြောင်း။ ။

# ပထမပူးပေါင်းဆောင်ရွက်သော ငွေရေးကြေးရေး (အက်ဖ်စီအက်ဖ်) ကုမ္ပဏီလီမိတက်၏ ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်း မှတ်ပုံတင်လက်မှတ်အား ရုပ်သိမ်းပယ်ဖျက်

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**နေပြည်တော်**
**သတင်းထုတ်ပြန်ချက်**

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၄ ရက်

ပထမပူးပေါင်းဆောင်ရွက်သော ငွေရေးကြေးရေး (အက်ဖ်စီအက်ဖ်) ကုမ္ပဏီလီမိတက် (First Collaborative Finance (FCF) Co., Ltd.) သည် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း မှတ်ပုံတင်လက်မှတ်တွင် ပူးတွဲပါရှိသည့် စည်းကမ်းချက်ဖြစ်သော တစ်နှစ်အတွင်း လုပ်ငန်းစတင်ဆောင်ရွက်ရမည့်အချက်အား ဖောက်ဖျက်၍ တစ်နှစ်ကျော်သည်အထိ လုပ်ငန်းစတင်ဆောင်ရွက်နိုင်ခြင်းမရှိ၍ ၎င်းအားခွင့်ပြုထားသည့် ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်း မှတ်ပုံတင်လက်မှတ် အမှတ် NBFI/FC-07/07/2017 အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၃-၇-၂၀၂၀ ရက်စွဲပါ စာဖြင့်ရုပ်သိမ်းပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း မှတ်ပုံတင်လက်မှတ်အား ရုပ်သိမ်းကြောင်းနှင့် ပြန်လည်အပ်နှံရန် ပထမပူးပေါင်းဆောင်ရွက်သော ငွေရေးကြေးရေး (အက်ဖ်စီအက်ဖ်) ကုမ္ပဏီလီမိတက်သို့ အကြောင်းကြားစာပေးပို့ခဲ့သော်လည်း ကုမ္ပဏီက ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းမှတ်ပုံတင်လက်မှတ် ပျောက်ဆုံးနေသဖြင့် ပြန်လည်အပ်နှံခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် တင်ပြလာ၍ ၎င်းကုမ္ပဏီသို့ ထုတ်ပေးထားသည့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းမှတ်ပုံတင်လက်မှတ်အမှတ် NBFI/FC-07/07/2017 အား ၃-၇-၂၀၂၀ ရက်နေ့မှစ၍ ရုပ်သိမ်းပယ်ဖျက်ပြီးဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ဆမီးမြို့ တိုက်ပွဲရှောင်စခန်းရှိ ပြည်သူများအတွက် စားနပ်ရိက္ခာများ ပေးအပ်လှူဒါန်း

**ဆမီး ဩဂုတ် ၁၄**

မင်းတပ်ခရိုင် ဆမီးမြို့တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆားနှင့် အခြားစားသောက်ကုန်ပစ္စည်းများကို ဂရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း (KMSS)ဟားခါးက ယမန်နေ့ နံနက် ၉ နာရီက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆမီးမြို့ ဂရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်း(KMSS) မှ တာဝန်ခံ ဦးရှိန်းလိန်းထန်းက" ဆမီးမြို့ တိုက်ပွဲရှောင်စခန်းတွေမှာရှိတဲ့ အိမ်ထောင်စု ၇၉၅ စု၊ လူဦးရေ ၃၄၃၆ ဦးအတွက် ဆန်၊ဆီ၊ဆားနှင့် အခြားစားသောက်ကုန်ပစ္စည်းတွေ ပေးအပ်လှူဒါန်းတာဖြစ်ပါတယ်" ဟုပြောကြားသည်။

အဆိုပါစားသောက်ကုန်ပစ္စည်းများကို ဆမီးမြို့ ဂရုဏာလူမှုစည်းလုံးညီညွတ်ရေးအသင်းမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **လှဲ့လှဲ့ခိုင်(ပြန်/ဆက်)**



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄-၈-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၅၀၀ | ၁,၃၆၁ | ၁၃,၆၁၅,၀၀၀ |
| MTSH | ၃,၇၅၀ | ၃,၇၅၀ | ၅,၈၇၈ | ၂၂,၀၄၂,၅၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၅ | ၄၀,၀၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၉ | ၁၉၈,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၀၀ | ၂,၁၈၄ | ၅,၉၀၂,၀၅၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၁,၈၅၆ | ၅,၅၂၈,၃၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၁၄

**ရန်ကုန်(ရွှေဈေး) ၁၂၉၆၀၀၀ — မန္တလေး(ရွှေဈေး) ၁၂၉၆၀၀၀**

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၆၀/၆၀၅ ကျပ် | ၅၉၀/၆၁၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၉၀ ကျပ် | ၅၈၀/၆၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၃၀/၆၅၅ ကျပ် | ၆၈၅/၇၁၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၀၀/၅၄၀ ကျပ် | ၅၆၀/၅၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၉၅/၅၀၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၅/၅၁၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၄၇၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၈.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၅.၈၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၇၅၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄.၂၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၁၇၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၃.၀၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၁.၈၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၇၅.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၇၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

| | | | | |
|---|---|---|---|---|
| **စာတည်းမှူးချုပ်** | – ဦးစိုးစိုးနိုင် | **အငယ်တန်း** | – | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | – ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **သတင်းထောက်မှူး** | – ဦးမြင့်စိုး | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| **စာတည်းများ** | – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **ဓာတ်ပုံသတင်းထောက်** | – | ဦးခင်မောင်ဝင်း |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | – | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်စာတည်းများ** | – ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | **စာပြင်** | – | ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့ |
| **အကြီးတန်း** | – ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့ |
| **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း | **အီးမေးလ်နှင့် အွန်လိုင်း** | – | ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❒ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဥတ္တရသီရိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မဲပေးခွင့်ရှိသူများစာရင်းကပ်ထား ကြေညာထားရှိမှုနှင့် ရပ်ကွက် မဲရုံ(၁)အဖြစ် ဆောင်ရွက်မည့် အခြေခံပညာမူလတန်းကျောင်း အခြေအနေအား ကြည့်ရှုသည်။

**ကြေညာထားရှိမှုကြည့်ရှု**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက်ရှိ ဓမ္မပါလဓမ္မာရုံ၌ မဲပေးခွင့်ရှိသူများစာရင်းကပ်ထားကြေညာထားရှိမှုကို လည်းကောင်း၊ ဇေယျာသီရိမြို့နယ် ပြည်စံအောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မဲပေးခွင့်ရှိသူများစာရင်း ကပ်ထားကြေညာထားရှိမှုကို လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ မဲပေးခွင့်ရှိသူများစာရင်း ကပ်ထားကြေညာထားရှိမှုကို လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် မြို့မဈေးဓမ္မာရုံ၌ ဇေယျာသိဒ္ဓိရပ်ကွက်မှ မဲပေးခွင့်ရှိသူများစာရင်း ကပ်ထားကြေညာထားရှိမှုကိုလည်းကောင်း ကြည့်ရှုသည်။

ထိုသို့ လှည့်လည်ကြည့်ရှုစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မဲရုံနှင့် မဲပေးနိုင်သည့် အင်အား၊ အချိန်အတိုင်းအတာဖြင့် မဲပေးနိုင်မည့် အရေအတွက်၊ မဲဆန္ဒရှင်များ မဲပေးရာတွင် ပိုမိုကောင်းမွန်မြန်ဆန်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်တို့နှင့် စပ်လျဉ်း၍ သိလိုသည်များကို တာဝန်ရှိသူများအား မေးမြန်းကာ မဲစာရင်းကပ်ထားကြေညာမှုကို ပြည်သူများအား အသိပေးကြေညာသွားရန်လိုကြောင်း မှာကြားပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဓမ္မာရုံများ၌ ရောက်ရှိနေကြသည့် ပြည်သူများအား လက်ရှိ အသက်(၁၈)နှစ်အရွယ် မဲပေးနိုင်သည့်ပုဂ္ဂိုလ်မှာ အသက်(၈၀) အရွယ်အထိဆိုလျှင် (၁၂)ကြိမ်သာ မဲပေးနိုင်ခွင့်ရှိကြောင်း၊ ပြည်သူများအနေဖြင့် မိမိနိုင်ငံအနာဂတ်အတွက် မဲပေးရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် မိမိတာဝန်ကို ကျေပွန်ရန်လိုကြောင်း၊ သို့မှသာ ရသင့်ရထိုက်သည့် ခံစားခွင့်များ ရရှိမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့်လည်း မဲဆန္ဒရှင်များကို ကျန်းမာရေးနှင့်အညီ မဲပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း မဲစာရင်းတွင် မိမိအမည်စာရင်း ပါ၊ မပါကို ကြည့်ရှုကြရန်လိုကြောင်း၊ မိမိနှစ်သက်ရာကို မဲပေးနိုင်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပုဗ္ဗသီရိမြို့နယ် ဇဝနရပ်ကွက် ဓမ္မပါလဓမ္မာရုံ၌ မဲပေးခွင့်ရှိသူများစာရင်း ကပ်ထားကြေညာထားရှိမှုကို ကြည့်ရှုစဉ်။

လက်ရှိ စာရင်းများအရ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်တွင် မဲပေးခွင့်ရှိသူ ၅၁၀၁၃ ဦး၊ ပုဗ္ဗသီရိမြို့နယ်တွင် ၈၈၈၇၂ ဦး၊ ဇေယျာသီရိမြို့နယ်တွင် ၇၆၈၅၀၊ ဒက္ခိဏသီရိမြို့နယ်တွင် ၂၇၈၆၀ နှင့် ဇမ္ဗူသီရိမြို့နယ်တွင် ၇၉၇၃၇ ဦး ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## (၉)ကြိမ်မြောက် မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

(၉)ကြိမ်မြောက် မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များပါဝင်လျက် Virtual Meeting အဖြစ် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကျင်းပသည်။

**တက်ရောက်ဆွေးနွေး**

အစည်းအဝေးကို လာအိုနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Dr. Saynakhone Inthavong က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံအနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဒုတိယဥက္ကဋ္ဌအဖြစ် ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် လာအိုနိုင်ငံ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Dr. Saynakhone Inthavong က အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးအစီအစဉ်အရ ASEAN Specialized Meteorological Center (ASMC)မှ မဲခေါင်ဒေသအတွင်း မီးခိုးမြူငွေ့ဖြစ်ပေါ်မှုအခြေအနေများကို တင်ပြဆွေးနွေးခြင်း၊ (၁၅)ကြိမ်မြောက် လုပ်ငန်းအဖွဲ့အစည်းအဝေးတွင် ဆွေးနွေးခဲ့မှုအစီရင်ခံစာအပေါ် အတည်ပြုခြင်း၊ ၂၀၁၇ ချင်းရိုင်စီမံချက် အကောင်အထည်ဖော်နိုင်မှုအပေါ် ပြန်လည်သုံးသပ်ခြင်းတွင် စီမံချက်အရ မဲခေါင်ဒေသခွဲ နိုင်ငံများ၏ မီးလောင်ကျွမ်းမှုအရေအတွက် Hotspot Counts ၅၀၀၀၀ ထက် မကျော်လွန်စေရေး လျာထားသတ်မှတ်မှုကို ၂၀၂၅ ခုနှစ်အထိ တိုးမြှင့်ဆောင်ရွက်မည့်ကိစ္စ၊ မဲခေါင်ဒေသခွဲနိုင်ငံများအကြား မီးခိုးမြူငွေ့ထိန်းချုပ်မှု စီမံခန့်ခွဲရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ တိုးတက်မှု အခြေအနေများကို ဆွေးနွေးအတည်ပြုခြင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံ (၂၀၁၆-၂၀၂၀)အပေါ် ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံသစ်ဆွေးမြေဆိုင်ရာ စီမံခန့်ခွဲမှု မဟာဗျူဟာကို သုံးသပ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။



**ဆောင်ရွက်သွားမည်**

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသတွင်း သစ်ဆွေးမြေများ ရေရှည်တည်တံ့စေရေးနှင့် မီးခိုးမြူငွေ့လျော့ချရေးတို့အတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအဖြစ် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော EU၊ IUCN၊ GIZ၊ GEC၊ CIFOR၊ IFAD တို့နှင့် ပူးပေါင်း၍ မဲခေါင်ဒေသတွင်း သစ်ဆွေးမြေများ ရေရှည်တည်တံ့စေရေးဆိုင်ရာ စီမံကိန်း၊ သစ်ဆွေးမြေနှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ စီမံကိန်း၊ မီးခိုးမြူငွေ့ကင်းစင်ရေးအတွက် ရေရှည်တည်တံ့သော မြေယာစီမံခန့်ခွဲမှုဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ကျင်းပမည့် (၁၆) ကြိမ်မြောက် မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ရာ အစည်းအဝေးကျင်းပမည့် အချိန်နှင့်နေရာတို့ကို အတည်ပြုခဲ့ပြီး မဲခေါင်ဒေသခွဲနိုင်ငံအသီးသီးနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့က နိဂုံးချုပ်အမှာစကားများ ပြောကြားသည်။

(၁၅)ကြိမ်မြောက် မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးကို ဩဂုတ် ၁၁ ရက်က နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယအကြိမ် ကိုဗစ်-၁၉ ချေးငွေလျှောက်လွှာ ၁၀၀၀၀ ကျော် လက်ခံရရှိ

**ရန်ကုန် ဩဂုတ် ၁၄**

နိုင်ငံတော်အစိုးရ၏ ဒုတိယကြိမ်မြောက် ကိုဗစ်-၁၉ ချေးငွေကျပ် ဘီလီယံ ၁၀၀ ထုတ်ချေးပေးရေး လျှောက်လွှာများကို သက်ဆိုင်ရာကခေါ်ယူခဲ့ရာ ချေးငွေလျှောက်လွှာ ၁၀၀၀၀ ကျော် လက်ခံရရှိခဲ့ကြောင်း ကုန်သည်/စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးအေးဝင်းက ပြောသည်။

အဆိုပါချေးငွေနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ်၌ ပြုလုပ်စဉ် ဦးအေးဝင်းက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့ ဒုတိယအကြိမ် ချေးငွေလျှောက်လွှာတွေကိုတော့ ဇူလိုင် ၂၉ ရက်ကနေ ဩဂုတ် ၁၀ ရက်အတွင်း လက်ခံဆောင်ရွက်ခဲ့ပါတယ်။ လျှောက်လွှာ ၁၀၀၀၀ ကျော် လက်ခံရရှိထားပါတယ်။ ရောက်ရှိလာတဲ့ လျှောက်လွှာတွေကိုတော့ ပဏာမစစ်ဆေးခြင်း၊ အသေးစိတ်စစ်ဆေးခြင်းတွေအပါအဝင် အဆင့် လေးဆင့်နဲ့ စစ်ဆေးပြီးတော့ တစ်လအတွင်း ချေးငွေထုတ်ပေးနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ယင်းချေးငွေနှင့်ပတ်သက်၍ ရန်ကုန်မြို့ ကုန်သည်/စက်မှုအသင်းချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုန်သည်/စက်မှုအသင်းများနှင့် အွန်လိုင်းမှတစ်ဆင့် လျှောက်လွှာများခေါ်ယူခဲ့ကြောင်း၊ ယခုတစ်ကြိမ် လျှောက်လွှာများကို နယ်ရုံးများမှ လျှောက်ထားမှုမှာ ၇၅ ရာခိုင်နှုန်းရှိပြီး ရန်ကုန်မှ လျှောက်ထားမှု ၂၅ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

လျှောက်လွှာများကို ရန်ကုန်မြို့ ကုန်သည်/စက်မှုအသင်းချုပ်သို့ တိုက်ရိုက်လျှောက်ထားမှု အစောင် ၁၅၀၀၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကုန်သည်၊ စက်မှုရုံးများသို့ လျှောက်ထားမှု အစောင် ၇၆၀၀ နှင့် အွန်လိုင်းမှ လျှောက်ထားမှု အစောင် ၈၀၀ ကျော်ရှိကြောင်း၊ နယ်မှ လျှောက်ထားသူများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ သွင်းကုန်အစားထိုး လုပ်ကိုင်သူများဖြစ်ကြောင်း သိရသည်။

အဆိုပါချေးငွေများကို ပထမအကြိမ်က မြန်မာ့စီးပွားရေးဘဏ်များနှင့်သာ ချိတ်ဆက်ဆောင်ရွက်ခဲ့သော်လည်း ယခုဒုတိယအကြိမ်တွင် အပြင်ပုဂ္ဂလိကဘဏ်များနှင့်ပါ ချိတ်ဆက်၍ ချေးငွေထုတ်ပေးရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပထမအကြိမ်က ကျပ်ဘီလီယံ ၁၀၀ ထုတ်ချေးရာတွင် လျှောက်လွှာ ၄၂၀၀ လက်ခံရရှိပြီး အဓိကအားဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများကို ထုတ်ချေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်**

❂ ကျောဖုံးမှ

ထို့နောက် ဒုတိယသမ္မတသည် ဖလမ်းမြို့တော်ခန်းမ တည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ငွေကျပ်သန်း ၈၅၀**

အဆိုပါခန်းမသည် သံကူကွန်ကရစ်သုံးထပ် အဆောက်အအုံဖြစ်ပြီး အလျားပေ ၁၀၀၊ အနံပေ ၆၀၊ အမြင့် ၄၂ ပေရှိကာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အိန္ဒိယနိုင်ငံ ထောက်ပံ့ငွေကျပ် ၄၆၅ သန်းနှင့် ပြည်နယ်စည်ပင်သာယာရန်ပုံငွေကျပ် ၃၈၅ သန်း စုစုပေါင်း ငွေကျပ်သန်း ၈၅၀ ဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသစ် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ဖလမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြာအွယ်နှင့် တာဝန်ရှိသူများက အဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

အဆိုပါ အဆောက်အအုံသစ်သည် အလျားပေ ၁၀၀၊ အနံပေ ၇၀၊ အမြင့် ၄၃ ပေရှိပြီး စီမံကိန်းတန်ဖိုး ငွေကျပ်သန်း ၇၀၀ ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်း ချယ်ရီခန်းမသို့ရောက်ရှိပြီး ဖလမ်းမြို့မှ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းမြို့မှ မြို့မိမြို့ဖများနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။

တွေ့ဆုံစဉ် ဒုတိယသမ္မတက ချင်းပြည်နယ်(မြောက်ပိုင်း)၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးရန်နှင့် ဒေသဖွံ့ဖြိုးရေးလိုအပ်သည်များကို ထပ်မံဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ အလားတူ မိုးရာသီကာလအတွင်း ဆက်သွယ်သွားလာရန် ခက်ခဲသည့် ချင်းပြည်နယ်ရှိဒေသခံပြည်သူများ၏ သွားလာရေးခက်ခဲမှုများကို လက်တွေ့သိရှိနိုင်ရန် လာရောက်ရခြင်းလည်းဖြစ်ပါကြောင်း။

ဖွံ့ဖြိုးမှု နောက်ကျခဲ့ရသည့် ချင်းပြည်နယ်သည် ယခုဆိုလျှင် သိသာစွာပြောင်းလဲ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ အစိုးရ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ စည်းလုံးညီညွတ်မှု၏ အသီးအပွင့်ရလဒ်ကောင်းများပင်ဖြစ်ပါကြောင်း၊ အနာဂတ်ကာလများတွင်လည်း နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အကောင်းဆုံး ဆက်လက်ဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း။

**လိုက်နာကျင့်သုံး**

ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ အသိပညာဗဟုသုတများနှင့် လမ်းညွှန်ချက်များကို အထူးအလေးထား လိုက်နာကျင့်သုံးကြစေလိုပါကြောင်း၊ ကိုဗစ် – ၁၉ ကပ်ရောဂါသည် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်နှင့် စည်းကမ်းများကို လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

အသက် ၁၈ နှစ်ပြည့်ပြီး ၅ နှစ်လျှင် တစ်ကြိမ်သာ ဆန္ဒမဲပေးခွင့်ရှိသည်ဖြစ်၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ရာနှုန်းပြည့် ဆန္ဒမဲပေးနိုင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ဒေသခံပြည်သူများနှင့်ပူးပေါင်းကာ စနစ်တကျ သေချာစွာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဖလမ်းမြို့မှ မြို့မိမြို့ဖ ဥက္ကဋ္ဌ ဦးဟရန်းလောမ်က ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များဖြစ်သည့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံကို သုံးထပ်အဆောက်အအုံသစ် အဖြစ်ဆောက်လုပ်ပေးနိုင်ရေး၊ ဖလမ်းမြို့ မြေပြိုကျနိုင်သည့်နေရာ ငါးနေရာကို ကျောက်စီနံရံများ တည်ဆောက်ပေးနိုင်ရေးနှင့် Cyclone Shelter နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ထပ်မံဖြည့်ဆည်းပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြပြီး ရိခေါဒါရ်မြို့ မြို့မိမြို့ဖ ဆလိုင်းသိန်းဌေးလွင်က ရိခေါဒါရ်မြို့ရှိ (၁၆) ခုတင်ဆံ့ဆေးရုံကို (၂၅) ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးနိုင်ရေး၊ ရိခေါဒါရ်မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဒီဇယ်မီးစက် ထောက်ပံ့ပေးနိုင်ရေးနှင့် ရိခေါဒါရ်မြို့အား မြို့နယ်အဆင့် တိုးမြှင့်ပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်နှင့် ဦးခင်မောင်ဝင်း၊ ပြည်နယ်ဝန်ကြီး ဦးစိုးထက်နှင့် ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဒေါက်တာစိုးဦးနှင့် ဦးဝင်းနိုင်ထွန်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတက ကိုဗစ်-၁၉ ကာလတွင် ပါဝင်ဆောင်ရွက်နေကြသည့် ဖလမ်းမြို့ စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့အား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့နှင့် ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်တို့က ဖလမ်းမြို့ အမှတ်(၁)ရပ်ကွက်၊ ကျင်မွှာရပ်ကွက်နှင့် ခေါလယ်ကျေးရွာတို့မှ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ကြသည်။



ဖလမ်း(ဆူရ်ဘုန်)လေဆိပ် ခရီးသည်နားနေဆောင် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ သစ္စာစီမံချက်အရ ဖလမ်းမြို့ ရပ်ကွက်နှစ်ရပ်ကွက်နှင့် ကျေးရွာရှစ်ရွာတို့မှ ဒေသခံပြည်သူ ၃၁၈ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဒုတိယသမ္မတသည် ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်း ဆောင် ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီး ဦးစိုးထက်၊ အမြဲတမ်းအတွင်းဝန် ဦးရွှေလေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြစန်းတို့က အဆောက်အအုံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ သင်တန်းကျောင်းဆောင်သည် အလျားပေ ၁၄၀၊ အနံပေ ၃၀ ရှိပြီး သံကူကွန်ကရစ်အမျိုးအစား နှစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဖလမ်းမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင်တည်ဆောက် ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံ၊ ဆေးရုံအုပ်ကြီး ဒေါက်တာ တလွန်ကျုံးထန်တို့က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ တိုးချဲ့ဆောင်သည် အလျားပေ ၁၅၀၊ အနံ ၆၂ ပေနှင့် အမြင့် ၂၈ ပေရှိပြီး သံကူကွန်ကရစ် နှစ်ထပ်ဆောင်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဖလမ်း(ဆူရ်ဘုန်) လေဆိပ် ရှင်းလင်းဆောင်သို့ရောက်ရှိရာ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက လေယာဉ်ကွင်း တည်ဆောက်နေမှု၊ လေဆိပ်ဆိုင်ရာအချက်အလက်များနှင့် Flight Check ဆောင်ရွက်ရာတွင် အကြံပြုချက်များအရ လေယာဉ်များ ပိုမိုအန္တရာယ်ကင်းရှင်းစွာ ဆင်း၊ တက်နိုင်ရန် လေယာဉ်ပြေးလမ်းမြောက်ဘက်ထိပ် ဝဲ/ ယာ နှစ်ဖက်ရှိ တောင်များအား တောင်ဖြိုခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယသမ္မတသည် လေယာဉ်ကွင်းနှင့် လေဆိပ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဖလမ်း(ဆူရ်ဘုန်) လေဆိပ်သစ် တည်ဆောက်ခြင်းဖြင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေခြင်း၊ လူမှုရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးကိစ္စများ တိုးတက်လွယ်ကူလျင်မြန်စေခြင်း၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေး လုပ်ငန်းတိုးတက်ခြင်း၊ အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ နိုင်ငံတော်၏ လူမှုစီးပွားတိုးတက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် မူလခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မြို့ပြလုပ်ငန်းများအပေါ် ယနေ့အထိ ၉၈ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ ဖလမ်း(ဆူရ်ဘုန်) လေဆိပ်သစ် ပထမအဆင့်တည်ဆောက်ခြင်းလုပ်ငန်း စီမံကိန်းတစ်ခုလုံးအပေါ် ပြီးစီးမှု ၉၈ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**ဆောင်ရွက်ပြီးစီးမှု တင်ပြ**

ထို့နောက် ဒုတိယသမ္မတသည် ဖလမ်းမြို့ Cyclone Shelter သို့ ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းနှင့် ညွှန်ကြားရေးမှူး ဦးမင်းသိန်းတို့က တည်ဆောက်ပြီးစီးသည့် Cyclone Shelter များ အခြေအနေ၊ Cyclone Shelter များတွင် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေဖြင့် ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တိုက်ပွဲရှောင်ပြည်သူများအတွက် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မှုနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ တင်ပြထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းသည်။

အဆိုပါ Cyclone Shelter သည် အလျားပေ ၉၀၊ အနံပေ ၆၀ ရှိပြီး ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၂၃၈ ဒသမ ၈၅၀ သန်းဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် အစိုးရနည်းပညာအထက်တန်းကျောင်း(ထန်တလန်)အား ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးက ကျောင်းဆိုင်ရာအချက်အလက်များ၊ ၂၀၁၈–၂၀၁၉ မှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် လျာထားတည်ဆောက်ရေးလုပ်ငန်းသစ်များကို ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၅ သို့ ❂**

❂ စာမျက်နှာ ၄ မှ

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်ဝန်ကြီး ဦးစိုးထက်နှင့် ဦးပေါင်လွန်မင်းထန်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ဦးတို့က ပြန်လည်ရှင်းလင်းတင်ပြကြသည်။

**စီမံဆောင်ရွက်**

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဘဏ္ဍာနှစ်စတင်ချိန်မှစ၍ ပွင့်လင်းရာသီကာလအတွင်း စီမံကိန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်နိုင်ရေး ကြိုတင်စီမံပြင်ဆင်ဆောင်ရွက်သွားကြရန်၊ ကျောင်းတွင်း သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျောင်းအဆောက်အအုံနှင့် သင်တန်းသား လက်တွေ့အလုပ်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျောင်းသည် ထန်တလန်မြို့၏ တောင်ဘက် ၄ မိုင်အကွာတွင် တည်ရှိပြီး အကျယ်အဝန်း ၄၀ ဒသမ ၆ ဧကရှိကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၉၄၁ ဒသမ ၁၈၄ သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အလျား ၁၉၂ ပေ၊ အနံ ၃၈ ပေရှိပြီး သံကူကွန်ကရစ်သုံးထပ် အဆောက်အအုံဖြစ်ကြောင်း၊ ကျောင်းတွင်အဆောက်အအုံနည်းပညာသင်တန်း၊ လျှပ်စစ်နည်းပညာသင်တန်းနှင့် မော်တော်ယာဉ်နည်းပညာသင်တန်းတို့ကို သင်တန်းတစ်ခုလျှင် သင်တန်းသား ၃၀ စီ လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ သက်မွေးတိုကာလ သင်တန်းများအနေဖြင့် အခြေခံပန်းရန်၊ အခြေခံလက်သမား၊ သံချည်သံကွေး၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း၊ အိမ်တွင်းလျှပ်စစ်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်းများကို သင်တန်းတစ်ခုလျှင် သင်တန်းသား ၂၀ စီ လက်ခံသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ထန်တလန်မြို့ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာဦးမျိုးဝင်းတို့က ချင်းပြည်နယ်အတွင်း လက်ရှိလျှပ်စစ်ဓာတ်အားဖြန့်ဖြူးထားရှိမှုအခြေအနေနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်ရန်လျာထားသည့် စီမံကိန်းဆိုင်ရာများနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ချင်းပြည်နယ် ထန်တလန်မြို့ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတွင်တည်ဆောက်မည့် တည်ဆောက်ရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ထန်တလန်မြို့ရေပေးဝေရေးရေလှောင်ကန် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီး ဦးစိုးထက်နှင့် ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဗန်ဇအုပ်တို့က လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါရေလှောင်ကန်သည် အလျား ပေ ၄၀၊ အနံ ပေ ၄၀ နှင့် အမြင့် ၁၀ ပေ ၆ လက်မရှိ သံကူကွန်ကရစ်ရေလှောင်ကန်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေငွေကျပ် ၁၂၈ ဒသမ ၉ သန်းဖြင့် တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံတွင် ခွဲစိတ်ခန်းပါတိုးချဲ့ နှစ်ထပ်ဆောင်တည်ဆောက်လုပ်ခြင်း လုပ်ငန်းအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံနှင့် ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းပွားတို့က အဆောက်အအုံနှင့်စပ်လျဉ်း၍ လိုက်လံရှင်းလင်းတင်ပြကြသည်။

အဆိုပါ တိုးချဲ့ဆောင်သည် အလျား ပေ ၁၅၀၊ အနံ ၆၂ ပေ ရှိပြီး သံကူကွန်ကရစ် နှစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတသည် ထန်တလန်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး တည်ဆောက်နေမှုအားကြည့်ရှုစစ်ဆေးရာ အမြဲတမ်းအတွင်းဝန် ဦးရွှေလေးနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က လုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ရေရှည်ကာလကို မျှော်မှန်း၍ အဆောက်အအုံများ တည်ဆောက်ရာတွင် မြေနေရာကို စနစ်တကျစီမံခန့်ခွဲ အသုံးချသွားရန် လမ်းညွှန်မှာကြားသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ကော်မရှင်အဖွဲ့ဝင်များအား တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများပေါ်ပေါက်လာစေရန် မှာကြား



**ရန်ကုန် ဩဂုတ် ၁၄**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၁/၂၀၂၀) ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် အဖွဲ့ဝင် ၁၀ ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ယခုဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလျာထားချက် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံကို ပြည့်မီရန်ကြိုးပမ်းလျက်ရှိပါကြောင်း၊ ကော်မရှင်အနေဖြင့်လည်း တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ပေါ်ပေါက်လာစေရန် အစဉ်ဂရုပြုကြရမည်ဖြစ်ပါကြောင်း အလေးထားမှာကြားသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲလုပ်ငန်း သုံးခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်းအပါအဝင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းသစ် သုံးခုကို ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၀၅၇ သန်းနှင့် ငွေကျပ် ၁၅၈၀၅၉ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း နေရာ ၇၅၀ ကို ဖန်တီးပေးနိုင်မည် ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လကုန်အထိ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်သော နိုင်ငံ/ဒေသများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။ နိုင်ငံ/ဒေသပေါင်း ၅၁ ခုမှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၃၃ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၂၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၂၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။ **သတင်းစဉ်**



# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ မြင်းခြံဗဟိုအကျဉ်းထောင်၊ ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများ ကြည့်ရှုစစ်ဆေး

**မြင်းခြံ ဩဂုတ် ၁၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်နှင့် ဦးကျော်စိုးတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ယမန်နေ့တွင် မြင်းခြံဗဟိုအကျဉ်းထောင်နှင့် မြင်းခြံမြို့ပေါ်ရှိ ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား အကျဉ်းသူ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ ဆေးရုံဆောင်များနှင့် စားဖိုကြီး၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများနှင့် လတ်တလောဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် လုပ်ဆောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် တစ်ဦးချင်း တွေ့ဆုံလိုသူ အကျဉ်းသား အကျဉ်းသူများ၊ အချုပ်သားအချုပ်သူများနှင့် တွေ့ဆုံကာ လူ့အခွင့်အရေးဖောက်ဖျက်ခံရခြင်း ရှိမရှိ၊ ထောင်ဝင်စာ တွေ့ဆုံရာတွင် အခက်အခဲများ ရှိ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိမရှိ၊ နေထိုင်စားသောက်ရေး အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများ၊ အကျဉ်းထောင်အတွင်း အခြေခံလူ့အခွင့်အရေးများရရှိမှု ရှိ မရှိစသည့် အခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းမှတ်တမ်းတင်ခဲ့ကြသည်။

ရဲစခန်း၊ တရားရုံး၊ ဆေးရုံအချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ် အချုပ်သား အချုပ်သူများကို တွေ့ဆုံ၍ လူ့အခွင့်အရေးချိုးဖောက်ခံရမှု ရှိ မရှိနှင့် အခြားကြုံတွေ့ရသည့် အခက်အခဲများကို မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ အကြံပြုတိုက်တွန်းချက်များ ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်ကာလ လယ်ယာလုပ်သားရှားပါးမှုကို ကုစားသည့်အနေဖြင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပြသခြင်း ဆောင်ရွက်

**ရေဦး ဩဂုတ် ၁၄**

ကိုဗစ်ကာလ လယ်ယာလုပ်သားရှားပါးမှုကို ကုစားသည့်အနေဖြင့် ရေဦးမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းလုပ်ငန်းကို ကြခတ်ကျေးရွာ တောင်သူ ဦးမြင့်သောင်းထွန်း၏ လယ်မြေပေါ်၌ ယနေ့နံနက်ပိုင်းက စိုက်ပျိုးပြသခဲ့ကြောင်း စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

ဆက်လက်၍ တောင်သူများမိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မျိုးစပါးများ ထောက်ပံ့ပေးခြင်း၊ ထွန်ယက်ပေးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေးခြင်းတို့ကို စက်မှုလယ်ယာဦးစီးဌာနက စက်ကိရိယာများဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တောင်သူများအား စက်မှုလယ်ယာဦးစီးဌာနမှ ဦးမောင်မောင်လွင်က ရှင်းလင်းပြောကြားသည်။

**မွေးကြူဇင်(မုံရွာကိုယ်ပွား)**



# ကိုဗစ်အလွန်အဆင့်မြင့်ပညာဘာသာရပ်အသစ်များ (၈)
# မျက်မှောက်ခေတ် နိုင်ငံတကာဆက်ဆံရေးနှင့်နိုင်ငံရေးသိပ္ပံပညာ

ဒေါက်တာမျိုးကြွယ် (ဆင်ပေါင်ဝဲ)

နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ် (International Relations Subject) နှင့် နိုင်ငံတကာဆက်ဆံရေးပညာဌာန (Department of International Relations) အသစ်ကို ၁၉၈၄ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့၌ ဖွင့်လှစ်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ၃၆ နှစ်ပြည့်တော့မည်ဖြစ်ပါသည်။ နိုင်ငံတော်၏လိုအပ်ချက်အရ နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ်ကို ချဲ့ထွင်လာခဲ့ရာ အထူးပြုဘာသာရပ်အဖြစ် သင်ကြားနေသော တက္ကသိုလ်စုစုပေါင်း ခြောက်ခုရှိပြီဖြစ်သည်။ အောက်မြန်မာပြည်တွင် ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်တို့ဖြစ်၍ ဒဂုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနကို ၁၉၉၄ ခုနှစ်တွင်လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနကို ၂၀၀၀ ပြည့်နှစ်တွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့သည်။

အထက်မြန်မာပြည်တွင် နိုင်ငံတကာဆက်ဆံရေးပညာဌာန ဖွင့်လှစ်သော တက္ကသိုလ်များမှာ မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် မုံရွာတက္ကသိုလ်တို့ဖြစ်ပါသည်။ ရတနာပုံတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနကို ၂၀၀၀ ပြည့်နှစ်တွင် လည်းကောင်း၊ မုံရွာတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနကို ၁၉၉၈ ခုနှစ်တွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထို့အပြင် နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ်ကို သာမန်ဘာသာရပ် (Minor Subject)အဖြစ် ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်၌ ၁၉၉၇ ခုနှစ်တွင်လည်းကောင်း၊ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်၌ ၂၀၀၁ ခုနှစ်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပါသည်။

နိုင်ငံတကာဆက်ဆံရေးပညာဘာသာရပ်ကို ဝိဇ္ဇာဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသုတေသနဘွဲ့အဆင့်အထိ တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့လာခဲ့ရာ ၁၉၉၉ ခုနှစ်မှစ၍ အခြားဘာသာရပ်များနည်းတူ ပါရဂူ (Ph.D.) ဘွဲ့သင်တန်းများကို ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့၌ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်အထိ စာရင်းအရ ရန်ကုန်တက္ကသိုလ်တွင် ပါရဂူ (Ph.D.) ဘွဲ့ရသူ စုစုပေါင်း ၆၈ ဦးရှိပြီး သင်တန်းတက်ရောက်နေသူ ၁၁ ဦးရှိပါသည်။

### အလုပ်အကိုင်များရရှိနိုင်

အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် အစိုးရအဖွဲ့အစည်းများဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန(MOFA)၊ နိုင်ငံခြားစီးပွားဆက်ဆံရေးဌာန (FERD)၊ နိုင်ငံတော်သမ္မတရုံး (President Office)၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် (Parliament) အစရှိသည့်နေရာများ၌ ရရှိကြကြောင်း၊ ထို့အပြင် ကုလသမဂ္ဂ (UN) အဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) နှင့် လူမှုရေးအဖွဲ့အစည်းများ၌လည်း ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ (Union Civil Service Board – UCSB)၊ သင်ကြားရေးဌာနများတွင်လည်းကောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (People's Alliance for Credible Election–PACE)၊ သတင်းစာဆရာ (Reporter/Journalist) စသည့် အလုပ်အကိုင်များရရှိနိုင်ကြောင်း သိရှိရပါသည်။

ရန်ကုန်တက္ကသိုလ်တွင် ဘွဲ့လွန်ဒီပလိုမာတန်းများအဖြစ် (၁) Diploma in International Relations (DIR) ကို ၂၀၀၃ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ရာ ယခု ၂၀၁၉ ခုနှစ်တွင် ၁၆ သုတ် ရှိပြီဖြစ်ပြီး ဘွဲ့ရသူစုစုပေါင်း ၂၀၀၀နီးပါးရှိပြီဖြစ်ပါသည်။ (၂) Diploma in Political Science (DPS) နိုင်ငံရေးသိပ္ပံဘွဲ့လွန်ဒီပလိုမာတန်းကို ၂၀၁၃ ခုနှစ်တွင် နိုင်ငံရေးလေ့လာလိုသူများအတွက် ရည်ရွယ်၍ဖွင့်လှစ်ခဲ့ရာ ၂၀၁၉ ခုနှစ်တွင် ခုနစ်သုတ်ရှိပြီဖြစ်ပြီး ဘွဲ့ရသူစုစုပေါင်း ၅၀၀ နီးပါးရှိပြီ ဖြစ်ပါသည်။

၂၀၁၀ ပြည့်နှစ် မြန်မာနိုင်ငံ၏ နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့်အတူ နှစ်ပေါင်း ၂၀ ကျော်တိုင်အောင် ဘွဲ့ကြိုတန်းများပိတ်ခဲ့သော ရန်ကုန်တက္ကသိုလ်သည် ၂၀၁၃ ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။ ထူးခြားချက်မှာ မြန်မာတစ်နိုင်ငံလုံးရှိ ထူးချွန်ကျောင်းသားများကို မွေးထုတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် နိုင်ငံတကာဆက်ဆံရေးဘာသာကို ထူးချွန်ကျောင်းသား ၅၀ စီဖြင့် ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။ ထို့အပြင် ၁၉၈၈ခုနှစ် ကာလကပင် တိမ်မြုပ်ပျောက်ကွယ်ခဲ့သော နိုင်ငံရေးသိပ္ပံဘာသာရပ် (Political Science) ကိုလည်း ပြန်လည်မိတ်ဆက်လာခဲ့ရာ နိုင်ငံတကာဆက်ဆံရေးပညာဌာနက တာဝန်ယူခဲ့ရပါသည်။ သို့ဖြစ်၍ နိုင်ငံတကာဆက်ဆံရေးပညာဌာန၏ ရည်မှန်းချက်မှာ နိုင်ငံတကာရေးရာနှင့် မြန်မာ့ရေးရာများကို စနစ်တကျတွေးခေါ်သုံးသပ်တတ်သော ကျွမ်းကျင်သည့် ပညာရှင်များ မွေးထုတ်ပေးရန် မျှော်မှန်းပါသည်။

၂၀၁၃–၂၀၁၄ ပညာသင်နှစ်တွင် ထူးချွန်ကျောင်းသားများမွေးထုတ်ရန် ရည်ရွယ်သည့်အတွက် နိုင်ငံတကာဆက်ဆံရေးဘာသာရပ်၏ ဝင်ခွင့်သတ်မှတ်ချက်မှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲရမှတ် စုစုပေါင်း အမှတ်(၄၇၀) နှင့် အင်္ဂလိပ်စာ အမှတ် ၇၀ ဟု သတ်မှတ်ထားပါသည်။ ဝိဇ္ဇာဘာသာရပ်တွင် နိုင်ငံတကာဆက်ဆံရေးဘာသာရပ်မှာ အမှတ်အမြင့်ဆုံးဖြစ်၍ လူကြိုက်များသော ဘာသာရပ် ဖြစ်ပါသည်။ နိုင်ငံရေးသိပ္ပံ ဘာသာရပ်သည် တက္ကသိုလ်ဝင်တန်းစာမေးပွဲရမှတ် စုစုပေါင်း အမှတ် ၄၂၀ နှင့် အင်္ဂလိပ်စာ ၆၅ မှတ်ဟု သတ်မှတ်ထားပါသည်။ ဘာသာရပ်နှစ်ခုလုံး၏ အလုပ်အကိုင်အခွင့်အလမ်းမှာ အစိုးရဌာနဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်ဆံရေးဌာန၊ ကုလသမဂ္ဂအေဂျင်စီများ၊ အာဆီယံအဖွဲ့အစည်းများတွင်လည်းကောင်း၊ အစိုးရအဖွဲ့အစည်းမဟုတ် သောအဖွဲ့များဖြစ်သည့် ဥပမာ Think Tank အဖွဲ့များ၊ NGOs များတွင်လည်းကောင်း ဝင်ရောက်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများရှိပါသည်။

### မွေးထုတ်ခဲ့ပြီးဖြစ်

၂၀၁၉–၂၀၂၀ ပညာသင်နှစ်အထိ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဝိဇ္ဇာဘွဲ့ ကျောင်းသား ကျောင်းသူ ၇၃ ဦး၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ၅၃ ဦး၊ နိုင်ငံရေးသိပ္ပံပညာဘာသာရပ် ဝိဇ္ဇာဘွဲ့ ကျောင်းသား ကျောင်းသူ ၂၄ ဦး၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့ ၃၅ ဦးကို မွေးထုတ်ခဲ့ပြီးဖြစ်ပါသည်။ မဟာဘွဲ့အနေဖြင့် နှစ်နှစ်သတ်မှတ်ထားပြီး ပထမနှစ်သည် သင်ကြားရေးအစီအစဉ်ဖြစ်၍ ဒုတိယနှစ်သည် မဟာဘွဲ့ကျမ်းတင်သွင်းရန် သုတေသနပြုစုရခြင်းဖြစ်သည်။ ၂၀၁၉–၂၀၂၀ ပညာသင်နှစ်အရ ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံပညာဘာသာရပ် မဟာတန်းတက်ရောက်နေသူ ၄၈ ဦးရှိပါသည်။ ပထမအသုတ်ဖြင့် ဘွဲ့ရသူ ၁၀ ဦးကို နိုင်ငံတကာဆက်ဆံရေးပညာဌာနတွင် အချိန်ပိုင်းနည်းပြအဖြစ် ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ခန့်ထားနိုင်ခဲ့ပြီဖြစ်ပါသည်။ အချို့သောဘွဲ့ရ ကျောင်းသား ကျောင်းသူများသည် ဤ ကိုဗစ်–၁၉ ကာလဖြစ်သည့်အတွက် အလုပ်အကိုင်စာမေးပွဲများ စောင့်နေရသောကာလဖြစ်ပါသည်။

သင်ကြားရေးသာမက ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ သင်ရိုးများမြှင့်တင်ရာတွင် သင်ရိုးသစ်များရေးဆွဲရန်၊ သင်ရိုးလမ်းညွှန် (Course guide) များကိုယ်တိုင်ရေးဆွဲနိုင်ရန်ရည်ရွယ်သည့်အတွက် သြစတြေးလျစေတနာ့ဝန်ထမ်းအဖွဲ့ (Australia Volunteer International) က စေလွှတ်သော သင်ရိုးကျွမ်းကျင်သည့်ပညာရှင်ကို ဌာနတွင် ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ တွဲဖက်ထားရှိခဲ့ပါသည်။ အကျိုးဆက်အဖြစ် ဆရာ ဆရာမများအနေဖြင့် ပညာရပ်နှင့် သက်မွေးကျောင်းဆက်စပ်နိုင်သော သင်ရိုးလမ်းညွှန်များ၊ သင်ခန်းစာပြင်ဆင်ပုံ (Lesson Plan) များ ရေးဆွဲသင်ကြားနေပြီဖြစ်ပါသည်။ ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ သင်ကြားလျက်ရှိသော အဓိကဘာသာရပ်များမှာ စစ်အေးကာလနှင့် စစ်အေးလွန်ကာလ နိုင်ငံတကာဆက်ဆံရေး၊ မျက်မှောက်ခေတ်ပြောင်းလဲလာသော နိုင်ငံတကာဆက်ဆံရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြေရှင်းရေး၊ နိုင်ငံရေးနှင့်ဆက်နွယ်နေသောစီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေးသီအိုရီများ၊ အတွေးအခေါ်များ၊ အဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ အာဆီယံနှင့်မြန်မာနိုင်ငံဆက်ဆံရေး၊ သုတေသနနည်းနာ၊ သံတမန်ရေးရာ၊ အရှေ့တောင်အာရှနိုင်ငံများ၏ နိုင်ငံရေးစနစ်များ၊ အင်အားကြီးနိုင်ငံများ၏နိုင်ငံခြားရေးမူဝါဒ အစရှိသည်တို့ကို နိုင်ငံတကာသင်ရိုးများနည်းတူ သင်ကြားပေးလျက်ရှိပါသည်။

နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံပညာဘာသာရပ်အား ပြည်ပကျောင်းသားများ စိတ်ဝင်စားသည့်အတွက် ၂၀၁၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ကာလအတွင်း ပညာသင်နှစ်တစ်ဝက်လာရောက်သင်ကြားသူ စုစုပေါင်း ၁၉ ဦးရှိပြီဖြစ်ပါသည်။ အများစုမှာ နားလည်မှုစာချွန်လွှာရေးထိုးထားသော နိုင်ငံတကာတက္ကသိုလ်များမှ ဖြစ်သည်။ ကိုလံဘိုပညာသင်ဆု (Colombo Scholarship) ရရှိကြသော သြစတြေးလျအမျိုးသားတက္ကသိုလ် (Australia National University) နှင့် မိုနာတက္ကသိုလ် (Monash University)၊ ဂျပန်နိုင်ငံအခြေစိုက် ချူတက္ကသိုလ် (Chuo University)နှင့် နာဂိုယာတက္ကသိုလ် (Nagoya University)၊ ဂျာမနီနိုင်ငံအခြေစိုက် ပါဆောင်း တက္ကသိုလ် (Passau University)၊ တရုတ်နိုင်ငံ ယူနန်တက္ကသိုလ် (Yunnan University) နှင့် ကိုရီးယား နိုင်ငံအခြေစိုက် ဟန်ညာဏ်တက္ကသိုလ် (Hannyang University) မှ ကျောင်းသား ကျောင်းသူများ ဖြစ်ကြသည်။

### နွေရာသီသင်တန်း

ဆရာ ဆရာမများ၏ သုတေသနအရည်အသွေးများ ပိုမိုမြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် ပညာတော်သင်များ စေလွှတ်လျက်ရှိရာ မြန်မာနိုင်ငံ အသွင်ကူးပြောင်းပြီးကာလနောက်ပိုင်း ဗဟိုဥရောပတက္ကသိုလ် (Central European University) သို့သွားရောက်သော ဆရာ ဆရာမ (IR research fellows) ငါးဦး၊ သြစတြေးလျအမျိုးသားတက္ကသိုလ်မှ မဟာဘွဲ့ရရှိသူ သုံးဦး၊ ဂျပန်နိုင်ငံမှ မဟာဘွဲ့ရရှိသူ ငါးဦးရှိခဲ့ပြီ ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်သည် နိုင်ငံတကာအဆင့်မီတက္ကသိုလ်အဖြစ် ပြန်လည်အဆင့်မြှင့်တင်ရန် ဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းရည်မြင့်မားလာစေရန် ရည်ရွယ်၍ ၂၀၁၃ ခုနှစ်မှ စတင်ကာ အရည်အသွေးမြှင့်တင်မှုသင်တန်းအဖြစ် နွေရာသီသင်တန်း (Summer School Program) ကို နှစ်စဉ် မေလ၌ နှစ်ပတ်ကြာသင်တန်းပြုလုပ်ပါသည်။ ထိုသင်တန်းကို နိုင်ငံတကာပညာရှင်များ ဖိတ်ခေါ်သင်ကြားစေခဲ့ရာ စုစုပေါင်းပညာရှင် ၂၀ ကျော် လာရောက်သင်ကြားခဲ့ပါသည်။

အရည်အသွေးပြည့်ဝသော သုတေသနပြုလုပ်မှုအခွင့်အလမ်းများ ပိုမိုပေါ်ထွက်လာရေး၊ သုတေသန ထုတ်ဝေခွင့်ရရှိရေး၊ နိုင်ငံတကာနှင့်ချိတ်ဆက်နိုင်ရေး ရည်ရွယ်ချက်ဖြင့် အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများ လက်ခံကျင်းပခြင်းများ၊ အပြည်ပြည်ဆိုင်ရာ ဆွေးနွေးပွဲများသို့ စေလွှတ်ခြင်းများ ပြုလုပ်လျက်ရှိရာ ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတကာ ဆွေးနွေးပွဲများကို အိမ်ရှင်အဖြစ် သုံးကြိမ်တိုင် လက်ခံကျင်းပခဲ့ပါသည်။

(က) "State of Peace in Asia" ညီလာခံကိုသြစတြေးလျအမျိုးသားတက္ကသိုလ်နှင့်ပူးပေါင်း၍ ၂၀၁၇ ခုနှစ် မတ်လ ၁၅၊ ၁၆ ရက်တွင်လည်းကောင်း၊

(ခ) "Opportunities and Challenges of Democratization in Myanmar" ညီလာခံကို Passau University, Germany နှင့် Yunnan University, Institute of Myanmar Studies တို့ ပူးပေါင်း၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၃၊ ၁၄ ရက်တွင်လည်းကောင်း၊

(ဂ) "Managing Challenges during Myanmar's Transition" ညီလာခံကို Australia National University၊ Yunnan University တို့နှင့်ပူးပေါင်း၍ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၅၊ ၆ ရက်တို့တွင်လည်းကောင်း အသီးသီးကျင်းပနိုင်ခဲ့ပါသည်။

နိုင်ငံတကာဆက်ဆံရေးပညာဌာနအနေဖြင့် သုတေသနနယ်ပယ်အဖြစ် ဘာသာခွဲအလိုက် အထူးပြုသော သုတေသန၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာသုတေသန၊ ကျား/မ တန်းတူမှုဆိုင်ရာသုတေသန၊ အာဆီယံနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ သုတေသန၊ နိုင်ငံခြားရေးမူဝါဒကို ချဉ်းကပ်သော သုတေသနများစွာကို ရေးသားပြီး၊ ရေးသားဆဲ ဖြစ်ပါသည်။ အချို့သောသုတေသနများကို နိုင်ငံတကာ ထုတ်ဝေမှုတွင်လည်းကောင်း၊ ပြည်တွင်းထုတ်ဝေမှုတွင်လည်းကောင်း ရန်ကုန်တက္ကသိုလ်၏ အင်တာနက်ကွန်ရက်စာမျက်နှာ (Internet Web page) တွင် Link ချိတ်ဆက်၍ဖတ်ရှုနိုင်ပါသည်။

သုတေသနပြုလုပ်ခြင်းမှာ တက္ကသိုလ်များ၏ အသက်ဖြစ်ပါသည်။ သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး (Research and Development) အသုံးစရိတ်အများဆုံးနိုင်ငံများကို အောက်ပါဇယားများတွင် တွေ့ရှိနိုင်ပါသည်။ ဇယားများအရ မြန်မာနိုင်ငံ၏သုတေသနအသုံးစရိတ်မှာ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အလွန်နည်းနေပါသေးသည်။

စာမျက်နှာ ၇ သို့❖

**မြန်မာတစ်နိုင်ငံလုံးရှိ ထူးချွန်ကျောင်းသားများကို မွေးထုတ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် နိုင်ငံတကာဆက်ဆံရေးဘာသာကို ထူးချွန်ကျောင်းသား ၅၀ စီဖြင့် ပြန်လည်ဖွင့်လှစ်ခဲ့၊ ထို့အပြင် ၁၉၈၈ခုနှစ် ကာလကပင် တိမ်မြုပ်ပျောက်ကွယ်ခဲ့သော နိုင်ငံရေးသိပ္ပံဘာသာရပ် (Political Science) ကိုလည်း ပြန်လည်မိတ်ဆက်လာခဲ့ရာ နိုင်ငံတကာဆက်ဆံရေးပညာဌာနက တာဝန်ယူခဲ့ရ၊ သို့ဖြစ်၍ နိုင်ငံတကာဆက်ဆံရေးပညာဌာန၏ရည်မှန်းချက်မှာ နိုင်ငံတကာရေးရာနှင့် မြန်မာ့ရေးရာများကို စနစ်တကျတွေးခေါ်သုံးသပ်တတ်သော ကျွမ်းကျင်သည့်ပညာရှင်များ မွေးထုတ်ပေးရန် မျှော်မှန်း . . .**

# မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးအတွက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့၏ လုပ်ငန်းတာဝန်ခွဲဝေရေးဆိုင်ရာ မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၄
မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးအတွက် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်နှင့် ထွန်းဖောင်ဒေးရှင်းတို့၏ လုပ်ငန်းတာဝန်ခွဲဝေမှုဆိုင်ရာ မူဘောင်သဘောတူညီချက်လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဆရာကြီး စည်သူ ဒေါက်တာသော်ကောင်းတို့က အမှာစကားများ ပြောကြားကြသည်။

ထို့နောက် မြန်မာ့စွယ်စုံကျမ်းများ ပြန်လည်ထုတ်ဝေရေးအတွက် လုပ်ငန်းတာဝန်ခွဲဝေရေးဆိုင်ရာ မူဘောင်သဘောတူညီချက်ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်နှင့် ထွန်းဖောင်ဒေးရှင်းမှ ဒေါက်တာတင်လှိုင်တို့က ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ရှေ့မှောက်၌ လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို လဲလှယ်ကြသည်။

**သတင်းစဉ်**

# ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း ပြည်ပသို့ တရားဝင် အလုပ်သွားရောက်လုပ်ကိုင်သူ ၂၀ နှင့် ပြည်တွင်းအလုပ်နေရာ ၂၁၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၁၄
နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေ တိုးပွားစေရေး ရည်ရွယ်၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၌ Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအနေဖြင့် အစိုးရအလုပ်အကိုင် ၁၁၈၈ ဦး၊ ပုဂ္ဂလိကအလုပ်အကိုင် ၁၉၉၁၀ စုစုပေါင်း ၂၁၀၉၈ ဦးကို အလုပ်အကိုင်များ ရှာဖွေပေးနိုင်ခဲ့သည်။

ထို့ပြင် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် ကိုရီးယားနိုင်ငံသို့ အလုပ်သမား ၂၀ ကို အလုပ်အကိုင်ရှာဖွေပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

**ဇယား ၁ – သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး အသုံးစရိတ်အများဆုံးနိုင်ငံအချို့ (၂၀၁၉)**

| နိုင်ငံ | အသုံး(US $ Billion) | GDP % |
|---|---|---|
| အမေရိက | ၅၈၁.၀ | ၂.၇ |
| တရုတ် | ၅၁၉.၂ | ၂.၂ |
| ဂျပန် | ၁၉၃.၂ | ၃.၁ |
| ဂျာမနီ | ၁၁၈.၈ | ၂.၉ |
| အိန္ဒိယ | ၉၄.၆ | ၀.၇ |
| ကိုရီးယားသမ္မတနိုင်ငံ | ၉၃.၅ | ၄.၆ |

**ဇယား ၂ – မြန်မာနှင့်အာဆီယံနိုင်ငံများ စုစုပေါင်းထုတ်ကုန်၏သုတေသနအသုံးရာခိုင်နှုန်း**

| နိုင်ငံ | နှစ် | % GDP |
|---|---|---|
| မြန်မာ | ၂၀၁၇ | ၀.၀၃ |
| ဘရူနိုင်း | ၂၀၀၄ | ၀.၀၄ |
| ကမ္ဘောဒီးယား | ၂၀၁၅ | ၀.၁၂ |
| အင်ဒိုနီးရှား | ၂၀၁၈ | ၀.၂၇ |
| လာအိုနိုင်ငံ | ၂၀၀၂ | ၀.၀၄ |
| မလေးရှား | ၂၀၁၆ | ၁.၄၄ |
| ဖိလစ်ပိုင် | ၂၀၁၅ | ၀.၁၆ |
| စင်ကာပူ | ၂၀၁၆ | ၂.၁၇ |
| ထိုင်း | ၂၀၁၇ | ၁.၀၀ |
| တီမော | – | – |
| ဗီယက်နမ် | ၂၀၁၇ | ၀.၅၃ |

Source – UNESCO/World Bank, 2020

## တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်ခွင့်အောင်စာရင်းများ ထုတ်ပြန်ကြေညာပြီးဖြစ်ရာ ထုံးစံအတိုင်း ထူးချွန်သော ကျောင်းသား ကျောင်းသူအများစုသည် ဆေးတက္ကသိုလ်များသို့ စုပြုံလျှောက်ထားသည်ထက် နိုင်ငံတော်အတွက် အရေးကြီးသော ဘာသာရပ်များ တက်ရောက်သင်ယူလာစေရန် ပထမ၊ ဒုတိယ၊ တတိယ ဦးစားပေးလျှောက်ထားသူများကို အလုပ်အကိုင်အခွင့်အလမ်းနှင့် စကောလားရှစ်များပေး၍ စည်းရုံးခြင်းဖြင့် လူတော်များ တက္ကသိုလ်များရှိ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးတကြီးလိုအပ်လျက်ရှိသော ဘာသာရပ်ပေါင်းစုံတွင် သင်ကြားသင်ယူလေ့လာနိုင်ပြီး ဘွဲ့ရပြီးပါက နိုင်ငံတော်အတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများတွင် တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း အကြံပြုအပ်ပါသည်။ ယခု ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်များရှိဘာသာများတွင် ထူးချွန်ကျောင်းသား ပညာသင်ဆုပေးနေသည်ဟု သိရှိရပါသည်။ ကျွန်တော်ဆိုလိုသည်မှာ ဤဘာသာများတွင်သာမဟုတ်ပါ ကျန်းမာရေးသိပ္ပံ (Health Science)၊ စီးပွားရေး (Economics and Business Studies)၊ ပညာရေး (Education)၊ အင်ဂျင်နီယာ (Engineering)၊ ကွန်ပျူတာသိပ္ပံ (Computer Science)၊ သတင်းအချက်အလက်နည်းပညာ (Information Technology)၊ စိုက်ပျိုးရေး (Agriculture)၊ မွေးမြူကုသရေး (Veterinary Medicine)၊ သစ်တောနှင့်ပတ်ဝန်းကျင်သိပ္ပံ (Forestry and Environmental Science)၊ ရေကြောင်းအင်ဂျင်နီယာ (Marine Engineering)၊ ဘာသာစကားနှင့်ယဉ်ကျေးမှု (Language and Culture)၊ တိုင်းရင်းဆေး (Traditional Medicine)၊ ကမ္ဘာလှည့်ခရီးသွားနှင့်ဟိုတယ်များ စီမံခန့်ခွဲရေးလုပ်ငန်း (Tourism and Hospitality Management)၊ ဘဏ်လုပ်ငန်း (Banking)၊ အစားအသောက်သိပ္ပံနှင့် နည်းပညာ (Food Science and Technology)၊ ငါးလုပ်ငန်းပညာ (Fishery and Aquatic Science)၊ ဥပဒေ (Law) စသည်ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးတကြီးလိုအပ်လျက်ရှိသော ဘာသာရပ်ပေါင်းစုံကို ထူးချွန်ပညာသင်ဆုများ (Best Scholarship Awards) ထိုက်ထိုက်တန်တန်ပေးမည်ဆိုပါက ထူးချွန်ကျောင်းသား ကျောင်းသူများ ဘာသာရပ်ပေါင်းစုံတွင် လေ့လာသင်ကြားနိုင်ပါမည်။

တက္ကသိုလ်ရှိ ဆရာ ဆရာမများ အရည်အသွေးမြင့်မားစေရန်အတွက်လည်း နိုင်ငံတကာရှိဘာသာရပ်အလိုက် နာမည်ကျော်ကြားနေသောတက္ကသိုလ်များသို့ စေလွှတ်နိုင်ပါသည်။

ဥပမာ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံပညာဘာသာရပ် (International Relations and Political Science Subjects) အတွက် ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်များမှာ –

(၁) အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ် (Harvard University, USA ) ဤ တက္ကသိုလ်ရှိ ဝိဇ္ဇာ၊ သိပ္ပံ မဟာဌာန (Faculty of Arts and Scienes) အောက်ရှိ အုပ်ချုပ်ပုံနည်းစနစ်ဌာန (Department of Government) နှင့် ဟားဗတ်ကနေဒီအုပ်ချုပ်မှုဆိုင်ရာ အဆင့်မြင့်ကျောင်း (Harvard Kennedy School of Government) တွင်လည်းကောင်း၊

(၂) အမေရိကန်နိုင်ငံ ပရင်စီတန်တက္ကသိုလ် (Princeton University, USA) နိုင်ငံရေးပညာဌာန (Department of Politics) အောက်ရှိ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးဘာသာခွဲ (International Relations Option) တွင်လည်းကောင်း၊

(၃) ပြင်သစ်နိုင်ငံ ပိုသိပ္ပံတက္ကသိုလ် (Sciences Po University, France) ရှိ ပဲရစ်အပြည်ပြည်ဆိုင်ရာ အဆင့်မြင့်သင်တန်းကျောင်း (The Paris School of International Affairs) အောက်တွင်လည်းကောင်း၊

(၄) ယူကေနိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ် (University of Oxford, UK) ရှိ ဒဿနိကဗေဒ၊ နိုင်ငံရေးပညာနှင့် စီးပွားရေးပညာဘာသာတွဲ (Philosophy, Politics and Economics – PPE Option) အောက်တွင်လည်းကောင်း၊

(၅) လန်ဒန်စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံအဆင့်မြင့်ကျောင်း (The London School of Economics and Political Sciences) အောက်ရှိ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှု ဘာသာရပ် (International Development) အောက်တွင်လည်းကောင်း၊

(၆) ဩစတြေးလျနိုင်ငံ အမျိုးသားတက္ကသိုလ် (Australian National University) ဝိဇ္ဇာ၊ လူ့ဘောင်အဖွဲ့အစည်း၊ ယဉ်ကျေးမှုနယ်ပယ် (Arts, Society and Culture Areas) အောက်ရှိ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးပညာဘာသာရပ် (International Relations and Political Studies) အောက်တွင်လည်းကောင်း စသည်ဖြင့် စေလွှတ်သင်ကြားပေးပါက တက္ကသိုလ်အတွက်၊ နိုင်ငံတော်အတွက် အတွေ့အကြုံများစွာရှိသော ပညာရှင်များ မွေးမြူနိုင်ပါမည်။ (ရန်ကုန်တက္ကသိုလ်မှ သမ္မတပညာသင်ဆုဖြင့် နိုင်ငံရေးသိပ္ပံကျောင်းသူနှစ်ဦးအား ဩစတြေးလျ အမျိုးသားတက္ကသိုလ် (Australia National University) နှင့် အိုရီဂွန်ပြည်နယ်တက္ကသိုလ် (Oregon State University) သို့ စေလွှတ်ပညာသင်စေခဲ့ရာ နိုင်ငံရေးသိပ္ပံပြည်ပဘွဲ့ရ နှစ်ဦးကို ပထမဆုံး မွေးထုတ်နိုင်ခဲ့ပါသည်)

အကျိုးဆက်အဖြစ် ဆရာ ဆရာမများအနေဖြင့် ပညာရပ်နှင့်သက်မွေးကျောင်း ဆက်စပ်နိုင်သော သင်ရိုးလမ်းညွှန်များ၊ သင်ခန်းစာအစီအစဉ်များ ရေးဆွဲသင်ကြားနေပြီဖြစ်ပါသည်။ ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ သင်ကြားလျက်ရှိသော အဓိကဘာသာရပ်များမှာ စစ်အေးကာလနှင့် စစ်အေးလွန်ကာလ နိုင်ငံတကာဆက်ဆံရေး၊ မျက်မှောက်ခေတ်ပြောင်းလဲလာသော နိုင်ငံတကာဆက်ဆံရေး၊ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြေရှင်းရေး၊ နိုင်ငံရေးနှင့် ဆက်နွှယ်နေသော စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေးသီအိုရီများ၊ အတွေးအခေါ်များ၊ အဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ အာဆီယံနှင့်မြန်မာနိုင်ငံဆက်ဆံရေး၊ သုတေသနနည်းနာ၊သံတမန်ရေးရာ၊ အရှေ့တောင်အာရှနိုင်ငံများ၏ နိုင်ငံရေးစနစ်များ၊ အင်အားကြီးနိုင်ငံများ၏ နိုင်ငံခြားရေးမူဝါဒ အစရှိသည်တို့ကို နိုင်ငံတကာသင်ရိုးများနည်းတူ သင်ကြားပေးလျက်ရှိပါသည်။

နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံရေးသိပ္ပံပညာဘာသာရပ်အား စိတ်ဝင်စားမှုကြောင့် တစ်ကြောင်း၊ နိုင်ငံတော်အတွက်အကျိုးပြုနိုင်သည်ကတစ်ကြောင်း အခြားသော ဝန်ကြီးဌာနများ၏ ကမ်းလှမ်းမှုကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးဌာနများရှိ အဆင့်မြင့်အရာရှိကြီးများကို သင်ခန်းစာပို့ချပေးခြင်း၊ ပြည်ထောင်စုရာထူးဝန်နှင့် ပြန်ကြားရေးဝန်ကြီးဌာနများကို အကြံပြုဆွေးနွေးမှုများဖြင့် ကူညီလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်အလွန်ကာလများတွင် မြန်မာနိုင်ငံတက္ကသိုလ်များ၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ဤကဲ့သို့ အသုံးချဘာသာရပ်များစွာ သင်ကြား၊ သုတေသနပြုကြရင်း အားကြိုးမာန်တက် ဆောင်ရွက်နိုင်ကြပါစေဟူ၍ ဆန္ဒပြုလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖြစ်မြောက်ရေးကော်မတီဖွဲ့စည်းရေးနှင့် ဒစ်ဂျစ်တယ်မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဒစ်ဂျစ်တယ်မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ရန်ကုန် ဩဂုတ် ၁၄
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းရေးဆိုင်ရာ အစည်းအဝေးသို့တက်ရောက် အမှာစကားပြောကြားသည်။

### ထိန်းသိမ်းဆောင်ရွက်ခဲ့

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက စာပေမူပိုင်ခွင့်ဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ယခုလဆန်းပိုင်းက ပြုလုပ်ခဲ့ပြီး စာပေမူပိုင်ခွင့်ချိုးဖောက်မှုများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါကြောင်း၊ စာပေမူပိုင်ခွင့် ချိုးဖောက်ခံရမှုများမှာ ယခင်ကတည်းကရှိခဲ့သော်လည်း ကြီးကြီးကျယ်ကျယ်မဖြစ်အောင် စာပေပညာရှင်များက ထိန်းသိမ်းဆောင်ရွက်ခဲ့ကြပါကြောင်း၊ ယခုအခါ အွန်လိုင်းပေါ်တွင် စာပေမူပိုင်ခွင့် ချိုးဖောက်မှုများ ပိုမိုများပြားလာပြီး ယခင်ကထက် ရှုပ်ထွေးလာသော်လည်း စာပေမူပိုင်ခွင့် ချိုးဖောက်ခံရသူများအနေဖြင့် မည်သို့ဖြေရှင်းရမည်ကို မသိရှိခြင်း၊ အမှုမဲ့အမှတ်မဲ့ရှိနေခြင်း၊ မူပိုင်ခွင့်ကာကွယ်ရန် လိုအပ်ခြင်း၊ ပြဿနာဖြစ်ပွားမှုများကို ညှိနှိုင်းဖြေရှင်းပေးရန် လိုအပ်ခြင်းများရှိနေပါကြောင်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ အတည်ပြုပြဋ္ဌာန်းရန်၊ နည်းဥပဒေရေးဆွဲပြဋ္ဌာန်းရန် ဆောင်ရွက်နေစဉ် စာပေနှင့် အနုပညာမူပိုင်ခွင့် (သို့မဟုတ်) ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း (Collective Management Organization–CMOs) များ မပေါ်ပေါက်သေးမီကာလအတွင်း ပေါ်ပေါက်လာသည့် ပြဿနာရပ်များကို ပူးပေါင်းကူညီဖြေရှင်းပေးရန်နှင့် ထိန်းသိမ်းတည့်မတ်ပြုပြင်ပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ယခင်အစည်းအဝေးက ဆွေးနွေးခဲ့သည့်အတိုင်း စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖြစ်မြောက်ရေးကော်မတီတစ်ရပ် ဖွဲ့စည်းနိုင်ရေးအတွက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန်ဖြစ်ပါကြောင်း၊ ယင်းကော်မတီအနေဖြင့် စာပေအနုပညာမူပိုင်ခွင့်ဥပဒေ အာဏာမတည်မီကာလအတွင်း မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ရရှိနိုင်ရန်အတွက် အသိပညာပေးရန်၊ အကြံပြုရန်၊ ပြဿနာဖြစ်ပွားမှုများအပေါ် စေ့စပ်ညှိနှိုင်းဖြေရှင်းပေးရန်ဖြစ်ပါကြောင်း၊ ထို့ပြင် စာပေအနုပညာမူပိုင်ခွင့်နည်းဥပဒေ ရေးဆွဲနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန်၊ CMO များ အမြန်ပေါ်ပေါက်လာရေးနှင့် ဖွဲ့စည်းနိုင်ရေးအတွက် လိုအပ်သည်များ ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်မည့်အစီအစဉ်အား ရှင်းလင်းတင်ပြသည်။

### ပါဝင်ဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသည့် စာပေပညာရှင်များဖြစ်ကြသည့် ဆရာချစ်ဦးညို၊ အိုင်တီပညာရှင် ဦးသောင်းစုငြိမ်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းမှ ဦးမြတ်ခိုင်၊ မြန်မာနိုင်ငံ စာရေးဆရာကလပ်မှ ဦးခင်မောင်ကြွယ် (ဆရာကောင်းသန့်)၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ ပြည့်စုံစာပေမှ ထုတ်ဝေသူ ဦးမျိုးအောင်၊ မြန်မာနိုင်ငံ အသိဉာဏ်ပညာပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ဆွေဇင်ထိုက်၊ ဥပဒေပညာရှင် ဦးအောင်စိုးဦး၊ ဦးသန်းမောင် (စစ်တွေ)နှင့် ဦးဌေးဦး၊ Myanmars.net မှ ဦးဇော်ထွဋ်၊ Sunny International Co.,Ltd. မှ ဦးမြင့်သူ၊ မြန်မာနိုင်ငံ စာရေးဆရာများသမဂ္ဂမှ ဦးကြည်နိုင်၊ ဆရာမောင်လှမျိုး (ချင်းချောင်းခြံ)၊ မြေမှုန်လွင်၊ စာရေးဆရာမ ပုညခင်၊ မြန်မာနိုင်ငံ ကဗျာဆရာများသမဂ္ဂမှ ဦးစိန်ဝင်း၊ မြန်မာရေးရာလေ့လာရေးအဖွဲ့မှ ဦးရဲမြင့်ကျော်၊ ကာတွန်းပညာရှင် မောင်မောင်ဖောင်တိန်တို့က အွန်လိုင်းပေါ်တွင် ချိုးဖောက်ခံနေရသည့် စာပေမူပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ကာကွယ်တားဆီးနိုင်မည့် နည်းလမ်းများ၊ စာပေမူပိုင်ခွင့်ဆိုင်ရာစုပေါင်းစီမံခန့်ခွဲသည့်အဖွဲ့အစည်း ဖြစ်မြောက်ရေးကော်မတီတွင် ပါဝင်သင့်သည့် ပုဂ္ဂိုလ်များနှင့် ကော်မတီ၏ လုပ်ငန်းတာဝန်များ စသည်ဖြင့် အကြောင်းအရာများအလိုက် ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ မြန်မာရေးရာလေ့လာရေးအဖွဲ့မှ ဦးအေးမောင်ကျော်၊ ဆရာမောင်ဖေယျာ၊ ထုတ်ဝေသူ ဦးဝင်းချို(ရှုဝံစာပေ)နှင့် ဦးရဲမြင့်(နန်းဒေဝီစာပေ)တို့လည်း တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးမှ စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း (CMO) ဖြစ်မြောက်ရေးကော်မတီကို စာပေစာနယ်ဇင်းဆိုင်ရာ ပညာရှင်များ၊ စာပေထုတ်ဝေသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ဥပဒေရေးရာကျွမ်းကျင်သူများ၊ စာပေအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဒစ်ဂျစ်တယ်မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ၊ New Media လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မီဒီယာအရွေ့ (သို့မဟုတ်) မီဒီယာအပြောင်းအလဲနှင့်ပတ်သက်သည့် အကြောင်းအရာများကို မကြာမီက မိမိတို့ဝန်ကြီးဌာနတွင် ဆွေးနွေးပွဲများပြုလုပ်ပြီး လေ့လာခဲ့ကြပါကြောင်း၊ Digital နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ Online Media တွင်ကျယ်လာမှုကြောင့် Main Stream Media ဟု ခေါ်တွင်ခဲ့သည့် Print Media အပေါ် များစွာသက်ရောက်မှု ရှိလာခဲ့ပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံတွင် ယခင်နှစ်မှစ၍ ယခုနှစ်ကာလအတွင်း များစွာသိသာထင်ရှားလာခဲ့ပါကြောင်း။

### နားထောင်သိရှိလို

New Media လုပ်ငန်းများဆောင်ရွက်သူတွင် Print Media လုပ်ငန်းမှ ပြောင်းလဲလုပ်ကိုင်သူများ ပါဝင်သကဲ့သို့ သီးခြားလုပ်ကိုင်လာသူများ ပါဝင်လုပ်ဆောင်နေမှုကိုလည်း တွေ့မြင်ရမှာဖြစ်ပါကြောင်း၊ တည်ဆဲမီဒီယာဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများမှာလည်း ပုံနှိပ်မီဒီယာများအပေါ်အခြေခံပြီး ရေးဆွဲပြဋ္ဌာန်းပေးခဲ့သည်ကို တွေ့ရမှာဖြစ်ကြောင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲပြဋ္ဌာန်းရာတွင်လည်း အသင်းအဖွဲ့နှင့် အဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာနှင့် အကျိုးစီးပွား၊ အများပြည်သူတို့၏ အကျိုးစီးပွားကာကွယ်မှုကို ထိန်းညှိဆောင်ရွက်ခြင်း၊ ပြဿနာများ ပေါ်ပေါက်လာပါက ညှိနှိုင်းဖြေရှင်းပေးခြင်းတို့ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ထို့ကြောင့် ယခုအစည်းအဝေးကို တက်ရောက်လာကြသည့် ဒစ်ဂျစ်တယ် မီဒီယာလုပ်ကိုင်နေသူများ၏ တွေ့ကြုံရသည့် အခက်အခဲများ၊ ကာကွယ်ရမည့်နည်းလမ်းများ၊ ဆောင်ရွက်သင့်သည့် အကြံဉာဏ်များ၊ ၎င်းအတွက် ကိုယ်စားပြုဖြေရှင်းဆောင်ရွက်မည့် အဖွဲ့အစည်းတစ်ရပ် လိုအပ်မှုစသည့် သဘောထားများ၊ ပြောဆိုမှုများ၊ အသံများကို နားထောင်သိရှိလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ New Media လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည့် ဆဲဗင်းဒေးမီဒီယာမှ ဦးသောင်းစုငြိမ်း၊ TV Yangon မှ ဦးကိုကို(ကိုကို–စက်မှုတက္ကသိုလ်)၊ ပေါ်ပြူလာသတင်းအေဂျင်စီမှ ဒေါ်နန်းကလျာဝင်း၊ Myanmar Celebrity မှ ဦးအောင်မျိုးမြင့်၊ စံတော်ချိန်မှ ဦးကိုကိုလေး၊ ကမာရွတ်မီဒီယာမှ ဦးဟံသာညိမ်း၊ ဝန်ဇင်းမှ ဦးဝင်းလှိုင်ဦး၊ အကုန်သိသတင်းအေဂျင်စီမှ ဦးကျော်မျိုးမင်း၊ DVB မှ ဦးခင်မောင်စိုး၊ Cytron Computer မှ ဦးသိန်းထွန်းဖေ၊ လာလာကြည့်မှ ဦးမင်းဆွေလှိုင်၊ One News မှ ဦးမိုးအေး၊ Cele Gabar မှ ဦးသက်ဖြိုးအောင်တို့က ဒစ်ဂျစ်တယ်မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ဒေါ်ဥမ္မာဝေ(8 Days)၊ ဒေါ်ဖြိုးသန္တာ (Myanmar Load)၊ Pau khan thawn(Mizzima)၊ ဒေါ်အိဖြူအောင်(Sunday)၊ ဦးလင်းထက်(We Media)၊ ဦးခန့်ဖြိုးလွင် (ဟုတ်တယ်/မဟုတ်ဘူး သတင်းအေဂျင်စီ)၊ ဦးအောင်ကျော်စိုး(The Voice)၊ ဦးကျော်ဇောလင်း(Eleven)၊ ဦးဥက္ကာဦး(News Watch)နှင့် ဦးမင်းမင်း(ရွှေသံလွင်)တို့ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပါဝင်ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# (၁၁)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ နှစ်လယ်အစည်းအဝေး မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်



နေပြည်တော် ဩဂုတ် ၁၄
(၁၁)ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ နှစ်လယ်အစည်းအဝေး ($11^{th}$ AIPA Caucus)ကို Video Conferencing စနစ်ဖြင့် ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြည်ထောင်စုလွှတ်တော်၊ အာဆီယံပါလီမန်များညီလာခံ(AIPA)ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း ခေါင်းဆောင်သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အစည်းအဝေးတွင် အိမ်ရှင်ဖိလစ်ပိုင်အောက်လွှတ်တော်ဥက္ကဋ္ဌ Alan Peter S. Cayetano က အဖွင့်မိန့်ခွန်းပြောကြားပြီး နိုင်ငံအလိုက် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ယခင်နှစ် အကြိမ်(၄၀)မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာများကို နိုင်ငံအလိုက်တင်ပြရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ်က မြန်မာနိုင်ငံ၏ အစီရင်ခံစာကိုလည်းကောင်း၊ COVID–19 ကပ်ရောဂါကာလအတွင်း စီးပွားရေးပြန်လည်နိုးထမှု အားကောင်းလာစေရေးနှင့် ထိခိုက်မှုလျော့ပါးစေရေး ခေါင်းစဉ်ဖြင့် အစီရင်ခံစာများကို နိုင်ငံအလိုက်ရှင်းလင်းတင်ပြရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ထူးအောင်က မြန်မာနိုင်ငံ၏ အစီရင်ခံစာကိုလည်းကောင်း တင်ပြကြသည်။ ထို့နောက် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နိုင်ငံအလိုက် အစီရင်ခံစာများနှင့် ယခုအစည်းအဝေး၏ ဆောင်ရွက်ချက်အစီရင်ခံစာတို့ကို Virtual Signing ဖြင့် အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ထို့နောက် အစည်းအဝေးသဘာပတိ ဖိလစ်ပိုင်အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ Hon. Raneo Abu က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

❖ **မန္တလေးတိုင်းဒေသကြီးမှ**

ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ကတော့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီး မဲစာရင်းတွေကို လာရောက်ကြည့်ရှုပြင်ဆင်တောင်းဆိုကြဖို့ လှုံ့ဆော်ပေးနေပါတယ်။ များများကြည့် များများပြင် များများမှန်ဆိုတဲ့ ရည်မှန်းချက်ကို မျှော်မှန်းပြီး ဆောင်ရွက်နေပါတယ်။ မဲဆန္ဒရှင်တွေရဲ့ ပြင်ဆင်ဖြည့်စွက်တောင်းဆိုမှုတွေ ကို ဩဂုတ် ၂၈ ရက်မှာ အပြီးဆောင်ရွက်သွားဖို့ သတ်မှတ်ထားပါတယ်”ဟု မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောသည်။

### အမည်စာရင်းတင်သွင်းထား

ယခုနှစ် နိုဝင်ဘာလတွင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ပါတီပေါင်း ၂၀ မှ ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသူ ကိုယ်စားလှယ်လောင်း ၅၂၈ ဦးရှိပြီး တစ်သီးပုဂ္ဂလ ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသည့် ကိုယ်စားလှယ်လောင်း ၁၆ ဦးရှိရာ စုစုပေါင်း နိုင်ငံရေးပါတီ ၂၀ နှင့် တစ်သီးပုဂ္ဂလ ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်းတင်သွင်းထားသည့် ကိုယ်စားလှယ်လောင်းစာရင်းမှာ ၅၄၄ ဦးရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# မိုးစပါးမျိုးစေ့ထုတ်စိုက်ကေတစ်သိန်း စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ငွေကျပ် ၁၄၉၁၁ ဒသမ ၃၃ သန်းကို CERP အရ ထောက်ပံ့ပေးသွားမည်

**နေပြည်တော် ဩဂုတ် ၁၄**

မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တောင်ငူမြို့နယ် မဟင်ကျေးရွာ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိုးစပါးမျိုးစေ့ထုတ်တောင်သူများ တက်ရောက်ကြသည်။

မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကိုဗစ်-၁၉ ကာလတွင် စိုက်ပျိုးရေးဆိုင်ရာ စိုက်ပျိုးနည်းစနစ်များ၊ နည်းပညာပေးလုပ်ငန်းများ၊ နိုင်ငံပိုင်သတင်းစာများ၊ ရုပ်မြင်သံကြားများမှတစ်ဆင့် အသိပေးဆောင်ရွက်လျက်ရှိကြောင်း၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် (CERP) အရ ဆောင်ရွက်ရသော ရေတိုအစီအမံများအပြင် ကိုဗစ်အလွန်ကာလများအတွက်လုပ်ငန်းစဉ်များ၊ လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုး တက်ရေးအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် နောင်တစ်ချိန်တွင် လယ်ယာမြေနှင့်ပတ်သက်၍ မိမိတို့ကိုယ်တိုင်ရင်ဆိုင်ဖြေရှင်းနိုင်ရေး၊ ကိုယ်တိုင်စီမံခန့်ခွဲနိုင်သည့်စနစ်၊ တာဝန်ယူ တာဝန်ခံနိုင်သည့်စနစ်များ ဆောင်ရွက်နိုင်ရေးကို မျှော်မှန်းပြီး တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြင့်တင်ရေးဥပဒေအရ တောင်သူလယ်သမား အသင်းအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊



လုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်သူများအားလုံးပါဝင်သည့် Collective Strength စုပေါင်းဆောင်ရွက်သည့် အင်အားသည် အရေးကြီးပါကြောင်း၊ ရေစီမံခန့်ခွဲသည့် နေရာတွင်လည်း ရေသုံးစွဲသူများအသင်း (Water Utilizer Group) အား ထူထောင်ဆောင်ရွက်ခဲ့ရာ အသင်းအဖွဲ့ပေါင်း ၂၀၀၀ ကျော်ကို ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ တောင်သူလယ်သမားအသီးသီးက ပြောင်းလဲဖြစ်ပေါ်လာသည့် ရာသီဥတု၊ မိမိတို့၏ ရေအရင်းအမြစ်ကို တိတိကျကျ သုံးစွဲကြရမည်ဖြစ်၍ ဒေသအလိုက် စိုက်ပျိုးရေရယူသုံးစွဲနိုင်ရေး စီမံဆောင်ရွက်နေပါကြောင်း၊ စိုက်ပျိုးရေသုံးစွဲရာတွင် မိုးကောင်းသောက်စနစ်များပြားလျက်ရှိပြီး ဆည်ရေသောက်စနစ်သည် ၁၅ ရာခိုင်နှုန်းသာ ရှိပါကြောင်း၊ သို့ပါ၍ ပြောင်းလဲလာသော ရာသီဥတုနှင့် နောင်လာမည့်ကာလများတွင် ရေရရှိသုံးစွဲနိုင်မှု ပိုမိုတိုးမြင့်လာစေရေး ဆောင်ရွက်ပေးရန် စီမံကိန်းများ ချမှတ်ပြီးဖြစ်သည်ကို အသိပေးပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ပဲခူးတိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော CERP လုပ်ငန်းစဉ်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ ဌာနဆိုင်ရာနှင့် တောင်သူလယ်သမားအားလုံးတို့ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် CERP အရ မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ငွေပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တောင်သူ ၅၈ ဦး၏ မျိုးစေ့ထုတ် ၂၀၇ ဧကအတွက် ငွေကျပ်သိန်း ၃၁၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက တောင်သူ ၈၈ ဦး၏ မျိုးစေ့ထုတ် ၁၉၄ ဧကအတွက် ငွေကျပ် ၂၇၅ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇော်နိုင်က တောင်သူ ၄၆ ဦး၏ မျိုးစေ့ထုတ်ဧက ၁၅၀ အတွက် ငွေကျပ် ၂၃၃ သိန်းကိုလည်းကောင်း ပေးအပ်ကြရာ တောင်သူကိုယ်စားလှယ်များက လက်ခံရယူကြသည်။ ယနေ့အခမ်းအနားတွင် မိုးစပါးမျိုးစေ့ထုတ် စိုက်ခင်း ၅၅၁ ဧကအတွက် စုစုပေါင်း ငွေကျပ် ၈၁၈ သိန်းကျော်ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်သည်။

CERP အရ မိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းများကို တောင်ငူခရိုင်တွင် ၃၁၄၁ ဧက၊ ပဲခူးခရိုင်တွင် ၈၄၃၉ ဧက၊ ပြည်ခရိုင်တွင် ဧက ၉၈၂၄ ဒသမ ၅၀၊ သာယာဝတီခရိုင်တွင် ဧက ၁၀၃၄၀ စိုက်ပျိုးဆောင်ရွက်လျက်ရှိပြီး ပဲခူးတိုင်းဒေသကြီးအတွင်း မိုးစပါးမျိုးစေ့ထုတ်ဧက စုစုပေါင်း ဧက ၃၁၇၄၄ ဒသမ ၅၀ စိုက်ပျိုးသွားမည်ဖြစ်သည်။

ယခုနှစ် မိုးစပါးမျိုးစေ့ထုတ်စိုက်ပျိုးခြင်းကို ချင်းပြည်နယ်မှအပ တိုင်းဒေသကြီး ပြည်နယ်အသီးသီးရှိ မြို့နယ် ၂၈၇ မြို့နယ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကာ အထွက်ကောင်း စပါးမျိုး ၆၉၃၃၅ ဧက၊ အရည်အသွေးကောင်းစပါးမျိုး ၃၀၆၆၅ ဧက စုစုပေါင်း ဧကတစ်သိန်း စိုက်ပျိုးသွားမည်ဖြစ်ပြီး မျိုးစေ့၊ အပင်ပြုစုလုပ်အားခ၊ မျိုးကွဲနုတ်ပယ်၊ မျိုးစေ့သန့်စင်လုပ်အားခ စုစုပေါင်း ငွေကျပ် ၁၄၉၁၁ ဒသမ ၃၃ သန်းကို CERP အရ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် နေပြည်တော်ကောင်စီနယ်မြေရှိ ကျေးလက်လမ်း/တံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိသည့်လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စက်မှုဌာနခွဲ (ရုံးချုပ်) ဗလသိဒ္ဓိယန္တရားဝင်းရှိ စက်၊ ယာဉ်၊ ယန္တရားများထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၆)က တာဝန်ယူတည်ဆောက်နေသော သဖန်းပင်-ညောင်ပင်သာလမ်းပေါ်ရှိ အရှည်ပေ ၁၂၀၀ မြစ်မ်းရောင် မေတ္တာပေါင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး အထိမ်းအမှတ်သစ်ပင်များ စိုက်ပျိုးပေးသည်။

ယင်းနောက် တံတားတည်ဆောက်ရေး လုပ်ငန်းခွင်ရှင်းလင်းဆောင်တွင် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၆) မှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းလွင်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှ ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ လမ်း / တံတားများ အရည်အသွေးကောင်းမွန်ရေး အထူးအလေးထားဆောင်ရွက်ရန် လိုကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် လိုကြောင်း မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း တံတားတိုင်များ ဆောင်ရွက်ပြီးစီးမှု၊ Girder များ တင်ပြီးအပိုင်း၊ ဆက်လက်ပြီး Girder များ သွန်းလောင်းနေမှုနှင့် စစ်တောင်းမြစ်ရေလမ်းကြောင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယခု တည်ဆောက်နေသည့် မြစ်မ်းရောင်မေတ္တာပေါင်းကူးတံတားသည် နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်၊ သဖန်းပင်-ညောင်ပင်သာလမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည်ပေ ၁၂၀၀၊ ယာဉ်သွားလမ်းအကျယ်ပေ ၂၀ နှစ်လမ်းမောင်းဖြစ်ပြီး တံတားအမျိုးအစားမှာ အုတ်မြစ် 0.8m Ø Bored Pile Foundation၊ ကိုယ်ထည်သံကူကွန်ကရစ်၊ အပေါ်ထည် 60 ’ RC Girder နှင့် သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်နေခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်သော စည်ပင်သာယာ-စည်ပင်ကြီး-ချောင်းကမ်းကြီး- ညောင်ပင်ကြီး - သာယာကုန်း ကျေးလက်လမ်းအား ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။




မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၆)က တာဝန်ယူတည်ဆောက်နေသော ကျည်တောင်ကန်-ဇီးကုန်း-လေသာ-သရက်တောလမ်းပေါ်ရှိ အရှည်ပေ ၄၅၀ ဆင်သေချောင်းတံတား (ဇီးကုန်း) တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး တံတားကြီး သတ်မှတ်အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆင်သေချောင်းတံတား (ဇီးကုန်း)သည် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန် - ဇီးကုန်း - လေသာ - သရက်တောလမ်းပေါ်တွင် တည်ရှိပြီး တံတားအရှည်ပေ ၄၅၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ နှစ်လမ်းမောင်းဖြစ်ပြီး တံတားအမျိုးအစားမှာ အုတ်မြစ် - 0.8m Ø Bored Pile Foundation ကိုယ်ထည်သံကူကွန်ကရစ်၊ အပေါ်ထည် 90’ Steel Plate Girder, 45’ RC Girder နှင့် သံကူကွန်ကရစ်ကြမ်းခင်းတို့ဖြင့် တည်ဆောက်နေခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ Research Centre (100’ x 76’) ဆောက်လုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဒါရိုက်တာ ရှမ်း(တောင်) နယ်မြေအား ကြည့်ရှုစစ်ဆေး

**တောင်ကြီး ဩဂုတ် ၁၄**

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု အပြည်ပြည်ဆိုင်ရာရန်ပုံငွေအဖွဲ့(IFAD)၏ နှစ်ရှည်ချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသည် အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ကျောက်တလုံးကြီးမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ဟိုပုံးမြို့နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါစီမံကိန်းနယ်မြေသို့ စီမံကိန်းဒါရိုက်တာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လွင်ထွန်းနှင့်အဖွဲ့သည် ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ တောင်ကြီးမြို့နယ်ရှိ ဆည်ကြီးဆည်အထွေထွေပြုပြင်ခြင်းလုပ်ငန်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဖက်နမ်ကျေးရွာတွင် စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း၊ စိုက်ပျိုးရေရရှိရေးအတွက် သံလွန်းကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဟိုပုံးမြို့နယ်ရှိ နမ့်ခွီးဆည်အထွေထွေပြုပြင်ခြင်းလုပ်ငန်း၊ ဟိုလိကျေးရွာရှိ ကုန်ထုတ်လုပ်ငန်းနှင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း၊ ဟဲလုံကျေးရွာ၊ လွယ်တန့်ကျေးရွာ၊ ကောင်ငင်းကျေးရွာ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ နမ့်ခုတ်ကျေးရွာ တောင်သူအသိပညာပေးစခန်း ဆောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များအား ဆွေးနွေးညွှန်ကြားခဲ့သည်။

**သီတာဦး(တောင်ကြီးကိုယ်ပွား)**

# နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေတကျ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်လုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း အခြေတကျ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များမှ လိုအပ်သည့် ရင်းနှီးမတည်ငွေအတွက် အတိုးနှုန်းသက်သာသော ချေးငွေ(ချေးငွေသက်တမ်း (၁) နှစ်၊ ၁ နှစ်လျှင် အတိုးနှုန်း ၂%) ကို အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှ ထုတ်ချေးပေးမည်ဖြစ်ကြောင်း (၂၄-၇-၂၀၂၀) ရက်နေ့တွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ချေးငွေထုတ်ချေးရေးဦးဆောင်ကော်မတီမှ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် အခြေတကျ ဆိုင်ဖွင့်လှစ်ရောင်းချသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်များသို့ ထုတ်ချေးရန် ချေးငွေလျှောက်ထားသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း (၄၄) ဖွဲ့အတွက် ချေးငွေ ကျပ် (၅၉.၄၉၈) ဘီလီယံအား စိစစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ပါ၍ အတိုးနှုန်းသက်သာသော ချေးငွေရယူလိုသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေတကျ ဆိုင်ဖွင့်လှစ်ရောင်းချသော လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်ငယ်လုပ်ငန်းရှင်များအနေဖြင့် အောက်ပါဇယားတွင် ဖော်ပြထားသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ဆက်သွယ်၍ ချေးငွေများ ရယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| တိုင်းဒေသကြီး / ပြည်နယ် | ဆက်သွယ်ရမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းအမည် |
|---|---|
| နေပြည်တော် | BG Microfinance Myanmar Co.Ltd. ၊ Blue Lion Microfinance (Myanmar) Co.,Ltd ၊ BRAC Myanmar Microfinance Co.Ltd၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်) လီမိတက်၊ Vithey Microfinance Co.,Ltd ၊ စထာပါနာလီမိတက်၊ ဆန္ဒဘုန်းပြည့် အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ ဒီဝိုင်မိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက်၊ အင်နိုကယ်ပီတယ်လ်မိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက် |
| ကချင်ပြည်နယ် | BG Microfinance Myanmar Co.Ltd. ၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်)လီမိတက်၊ မိုက်ခရို ဖိုင်းနန့်(စ်) ဒယ်လ်တာအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် |
| ကယားပြည်နယ် | Alliance for Microfinance in Myanmar၊ BG Microfinance Myanmar Co. Ltd.၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်)လီမိတက်၊ စထာပါနာလီမိတက်၊ မိုက်ခရို ဖိုင်းနန့်(စ်) ဒယ်လ်တာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် |
| ကရင်ပြည်နယ် | BG Microfinance Myanmar Co.Ltd.၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်)လီမိတက်၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန့်(စ်) ဒယ်လ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ လိုးတက်စ် ဘရစ်မိုက်ခရိုဖိုင်းနန့်(စ်)၊ အားလီးဒွန်းမိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက် |
| ချင်းပြည်နယ် | BG Microfinance Myanmar Co.Ltd.၊ သစ္စာဥယျာဉ် |
| စစ်ကိုင်းတိုင်းဒေသကြီး | Alliance for Microfinance in Myanmar၊ BG Microfinance Myanmar Co. Ltd.၊ BRAC Myanmar Microfinance Co.Ltd၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်) လီမိတက်၊ Pact ( Global micro Finance Fund) အဖွဲ့အစည်း၊ Shin Han Microfinance Myanmar၊ Thant Zin Kyi Microfinance Co.,Ltd၊ စထာပါနာ လီမိတက်၊ မြတ်ကျွန်းသာ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီလီမိတက်၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ ရတနာ သလ္လာအသေးစားငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီလီမိတက်၊ သစ္စာဥယျာဉ်၊ အယ်အိုအယ်စီ မြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ အေဝိုင်အိုအသေးစားငွေရေးကြေးရေး ကုမ္ပဏီလီမိတက် |
| တနင်္သာရီတိုင်းဒေသကြီး | BG Microfinance Myanmar Co.Ltd.၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်)လီမိတက်၊ ထားဝယ်ဖွံ့ဖြိုးတိုးတက်မှုအများပိုင် ကုမ္ပဏီလီမိတက်၊ မိုက်ခရိုဖိုင်းနန့်(စ်) ဒယ်လ်တာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ အောင်ပြည့်ဖြိုးကျော် ကုမ္ပဏီ လီမိတက် |
| ပဲခူးတိုင်းဒေသကြီး (အနောက်) | ASA Microfinance (Myanmar)Ltd. ၊ BG Microfinance Myanmar Co.Ltd.၊ BRAC Myanmar Microfinance Co.Ltd၊ PV Microfinance Co., Ltd.၊ စထာပါနာ လီမိတက်၊ မြတ်ကျွန်းသာ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီလီမိတက်၊ မိုက်ခရိုဖိုင်းနန့်(စ်) ဒယ်လ်တာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ အားလီး ဒွန်းမိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်း နန့်(စ်) |
| ပဲခူးတိုင်းဒေသကြီး(အရှေ့) | ASA Microfinance (Myanmar) Ltd.၊ BG Microfinance Myanmar Co.Ltd.၊ BRAC Myanmar Microfinance Co.Ltd၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်)လီမိတက်၊ Shin Han Microfinance Myanmar၊ ကောင်းမွန်စစ်မှန်ယုံကြည်သော မြန်မာ ပေါင်းစုကုမ္ပဏီလီမိတက်၊ စထာပါနာလီမိတက်၊ မြတ်ကျွန်းသာအသေးစား ငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက်၊ မိုရာကော့မိုက်ခရိုဖိုင်းနန့်(စ်)မြန်မာ ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ အားလီးဒွန်းမိုက် ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက်၊ ဒီဝိုင်မိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက် |
| မကွေးတိုင်းဒေသကြီး | Alliance for Microfinance in Myanmar၊ ASA Microfinance (Myanmar) Ltd.၊ BG Microfinance Myanmar Co.Ltd.၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်)လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း၊ စထာပါနာလီမိတက်၊ တော်ဝင်ဟန်သီ ကုမ္ပဏီလီမိတက်၊ မိုက်ခရိုဖိုင်းနန့်(စ်) ဒယ်လ်တာ အင်တာ နေရှင်နယ် ကုမ္ပဏီလီမိတက်၊ အင်နိုကယ်ပီတယ်လ် မိုက်ခရိုဖိုင်းနန့်စ်ကုမ္ပဏီ လီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ အားလီးဒွန်းမိုက်ခရို ဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အသက်မွေးဝမ်း ကျောင်း အထောက်အကူပြုဖောင်ဒေးရှင်း |
| မန္တလေးတိုင်းဒေသကြီး | Alliance for Microfinance in Myanmar၊ BG Microfinance Myanmar Co.Ltd.၊ BRAC Myanmar Microfinance Co.Ltd၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်) လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း၊ Shin Han Microfinance Myanmar၊ Social Vision Microfinance Myanmar Co., Ltd၊ ကေတီဂျီကုမ္ပဏီလီမိတက်၊ ဂရိတ်ဗစ်ထရီမြန်မာကုမ္ပဏီလီမိတက်၊ စထာပါနာ လီမိတက်၊ မြတ်ကျွန်းသာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက်၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ ရှန်းရှန်း ကုမ္ပဏီလီမိတက်၊ လွတ်မြောက်လမ်းဝန်ဆောင်မှုကုမ္ပဏီလီမိတက်၊ သက်ပိုင်ဆွေ ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ အားလီးဒွန်း မိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက် |
| မွန်ပြည်နယ် | ASA Microfinance (Myanmar) Ltd. ၊ BG Microfinance Myanmar Co.Ltd.၊ BRAC Myanmar Microfinance Co.Ltd ၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်)လီမိတက်၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာ အင်တာနေရှင်နယ် ကုမ္ပဏီ လီမိတက်၊ လိုးတက်စ်ဘရစ် မိုက်ခရိုဖိုင်းနန့်(စ်)၊ အင်နိုကယ်ပီတယ်မိုက်ခရို ဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီ မြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ အားလီး ဒွန်းမိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက် |
| ရခိုင်ပြည်နယ် | BG Microfinance Myanmar Co.Ltd.၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်)လီမိတက်၊ Pact ( Global micro Finance Fund) အဖွဲ့အစည်း၊ ဇေယျာအောင်ကုမ္ပဏီ၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက် |
| ရန်ကုန်တိုင်းဒေသကြီး | ASA Microfinance (Myanmar) Ltd.၊ BG Microfinance Myanmar Co.Ltd.၊ BRAC Myanmar Microfinance Co.Ltd ၊ Do Microfinance Co., Ltd၊ ဟာနာ မိုက်ခရိုဖိုင်းနန့်(စ်)လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း၊ PV Microfinance Co., Ltd. ၊ Shin Han Microfinance Myanmar၊ Yangon Y Rural Development Microfinance Co.,Ltd ၊ စထာပါနာလီမိတက် ၊ ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဖောင်ဒေးရှင်း၊ မဏ္ဍိုင်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်၊ မြန်မာဖွံ့ဖြိုးရေး မိတ်ဆွေများကုမ္ပဏီ လီမိတက်၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ လုပ်ခနေ့ချေးငွေကုမ္ပဏီလီမိတက်၊ အင်နိုကယ်ပီတယ်လ်မိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ အားလီးဒွန်း မိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက် |
| ရှမ်းပြည်နယ်(တောင်) | Alliance for Microfinance in Myanmar၊ BG Microfinance Myanmar Co.Ltd. ၊ BRAC Myanmar Microfinance Co.Ltd ၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်) လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း၊ စထာပါနာ လီမိတက်၊ မြတ်ကျွန်းသာအသေးစား ငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ မိုက်ခရို ဖိုင်းနန့်(စ်)ဒယ်လ်တာ အင်တာ နေရှင်နယ် ကုမ္ပဏီလီမိတက် |
| ရှမ်းပြည်နယ်(မြောက်) | Pact (Global micro Finance Fund) အဖွဲ့အစည်း၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာ အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် |
| ဧရာဝတီတိုင်းဒေသကြီး | ASA Microfinance (Myanmar)Ltd.၊ BG Microfinance Myanmar Co.Ltd.၊ Pact (Global micro Finance Fund) အဖွဲ့အစည်း၊ Yangon Y Rural Development Microfinance Co.,Ltd၊ စထာပါနာလီမိတက်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုဖောင်ဒေးရှင်း၊ ပြည့်မဟာဝန်ဆောင်မှု ကုမ္ပဏီလီမိတက်၊ မြတ်ကျွန်းသာ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီ လီမိတက်၊ မိုက်ခရိုဖိုင်းနန့်(စ်)ဒယ်လ်တာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ သပြေထွန်းကုမ္ပဏီလီမိတက်၊ အင်နိုကယ်ပီတယ်လ်မိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီ လီမိတက်၊ ဧရာတံခွန်ဝန်ဆောင်မှုကုမ္ပဏီလီမိတက် |

၄။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်အလိုက် ချေးငွေရယူနိုင်သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အမည်စာရင်းများအား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ Website: www.frd.gov.mm နှင့် Facebook Page – Financial Regulatory Department တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

---

**❑ ၂၀၂၀ ရာသီမှ**

ပြိုင်ပွဲခေတ္တရပ်နားချိန်တွင် ဟံသာဝတီအသင်းက ရှစ်ပွဲကစား ၂၁ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ဧရာဝတီအသင်းက ခုနစ်ပွဲကစား ၁၇ မှတ်၊ ရန်ကုန်အသင်းက ခုနစ်ပွဲကစား ၁၄ မှတ်၊ ရခိုင်အသင်းက ခုနစ်ပွဲကစား ၁၃ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ခုနစ်ပွဲကစား ၁၁ မှတ်၊ စစ်ကိုင်းအသင်းက ရှစ်ပွဲကစား ၁၀ မှတ်၊ မကွေးအသင်းက ခုနစ်ပွဲကစား ခြောက်မှတ်၊ ရတနာပုံအသင်းက ခုနစ်ပွဲကစား လေးမှတ်၊ အား/ကာသိပ္ပံ အသင်းက ခုနစ်ပွဲကစား သုံးမှတ်၊ Southern အသင်းက ခုနစ်ပွဲကစား တစ်မှတ်ရရှိထားသည်။

ပွဲစဉ်ရေးဆွဲထားမှုအရ လက်ကျန်ပွဲများကို ဆက်တိုက်ကစားရမည်ဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ်အနေဖြင့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ထားသလို ကလပ်အသင်းများအားလုံး လိုက်နာရန်လည်း ညွှန်ကြားထားသည်။ MNL ပြိုင်ပွဲကို ကိုဗစ်-၁၉ ရောဂါကြောင့် မတ် ၂၄ ရက်တွင် စတင်ရပ်နားခဲ့ပြီး ကိုဗစ်ရောဂါစစ်ဆေးမှုများ၊ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ပြီးနောက် ပြန်လည်ကျင်းပခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ဆုံဆို့နာရောဂါ ကပ်အသွင်ဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ကွင်းဆင်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြ ကာကွယ်ဆေးများ အကြိမ်ရေပြည့် ထိုးနှံတိုက်ကျွေးရန် ပြည်သူများသိရှိနိုင်ရေး ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၄**

တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်နှင့် ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲတို့မှ တာဝန်ရှိသူများက ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ဆုံဆို့နာရောဂါ ကပ်အသွင်ဖြစ်ပွားမှု (outbreak) နှင့် ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၌ ပြုလုပ်သည်။

**ပြုစုထားရှိရမည်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဆုံဆို့နာရောဂါအပါအဝင် ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါများဖြစ်ပွားခြင်းအကြောင်းရင်းများမှာ ကာကွယ်ဆေးထိုး လွှမ်းခြုံမှုအားနည်းခြင်း၊ သက်ဆိုင်ရာ လူအုပ်စု၏ စုပေါင်းရောဂါခုခံကာကွယ်နိုင်မှုအားနည်းခြင်း၊ ရွှေ့ပြောင်းနေထိုင်သူဦးရေများပြားခြင်း၊ ရောဂါကိုယ်ခံစွမ်းအားနည်းပါးသော လူအုပ်စုအတွင်းသို့ ရောဂါဝင်ရောက်လာခြင်း၊ ရောဂါပိုး၏ ပြင်းထန်မှုမြင့်မားခြင်းစသည့် အချက်များကြောင့်ဖြစ်ပါကြောင်း၊ နယ်မြေဒေသသွားလာရခက်ခဲမှုနှင့် နယ်မြေဒေသလုံခြုံရေး အခြေအနေများသည် ကာကွယ်ဆေးထိုး လွှမ်းခြုံမှုအပေါ် များစွာသော အကျိုးသက်ရောက်မှုရှိပါကြောင်း၊ ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါများနှင့် ပတ်သက်သော ကျန်းမာရေးအသိပညာဗဟုသုတများ၊ ကာကွယ်ဆေးများ၏ အကျိုးကျေးဇူးများကို ပြည်သူများ ပိုမိုကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကူးစက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှုများအား အချိန်နှင့်တစ်ပြေးညီ ကွင်းဆင်းတုံ့ပြန် ဆောင်ရွက်နိုင်ရေးအတွက် ရောဂါအမျိုးအစားအလိုက်၊ ဗဟို၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သက်ဆိုင်ရာပညာရှင်များ ပါဝင်သော ကွင်းဆင်းအဖွဲ့များ ကြိုတင်ဖွဲ့စည်းထားရှိရမည် ဖြစ်ပါကြောင်း၊ ကွင်းဆင်းဆောင်ရွက်ရာတွင်လည်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ရောဂါအမျိုးအစားအလိုက် လုပ်ငန်းလမ်းညွှန်များ ပြုစုထားရှိရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာနှင်းအိဖြူက တာချီလိတ်၊ မိုင်းခတ်၊ မိုင်းဆတ်၊ မိုင်းဖြတ်နှင့် မိုင်းတုံမြို့နယ်များတွင် လူနာစုစုပေါင်း ၄၅ ဦးတွေ့ရှိခဲ့မှုနှင့် သေဆုံးလူနာပေါင်း ခြောက်ဦးရှိမှု၊ အဆိုပါနေရာဒေသများ၏ နှစ်အလိုက် ကာကွယ်ဆေးလွှမ်းခြုံမှုအခြေအနေ၊ လူနာများအား ကုသပေးမှုအခြေအနေ၊ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန်အတွက် ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများကို လုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်ထားရှိမှု၊ လူနာနှင့် အနီးကပ်ထိတွေ့သူများအား ပိုးသတ်ဆေးတိုက်ကျွေးမှုအခြေအနေနှင့် အဆိုပါနေရာဒေသတွင် တုံ့ပြန်ကာကွယ်ဆေးထိုးခြင်း (outbreak response immunization) လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကွင်းဆင်းတွေ့ရှိချက်များနှင့် အကြံပြုချက်များကို တင်ပြသည်။

**ဆန်းစစ်တွေ့ရှိချက် တင်ပြ**

ဆက်လက်၍ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ဒေါက်တာအောင်မြတ်ဌေးက ရောဂါစောင့်ကြပ်ကြည့်ရှုမှုစနစ်နှင့် သတင်းပေးပို့မှုစနစ်များအား ဆန်းစစ်တွေ့ရှိချက်များနှင့် ကပ်ရောဂါဗေဒ ဆန်းစစ်တွေ့ရှိချက်များ၊ ကွင်းဆင်းလုပ်ငန်းများကို ဒေသခံတိုင်းရင်းသားကျန်းမာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် အဆိုပါ နေရာဒေသရှိ ကျန်းမာရေးဝန်ထမ်းများအား ရောဂါစောင့်ကြပ်ကြည့်ရှုမှုသင်တန်း ပြုလုပ်ပေးခဲ့မှုတို့ကို တင်ပြသည်။

ထို့နောက် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်နိုင်ဦးက ဆုံဆို့နာအဆိပ်ဖြေဆေးဝယ်ယူထားရှိမှု၊ ဖြန့်ဖြူးထားရှိမှုနှင့် ဆက်လက်ဝယ်ယူထားသည့် အစီအစဉ်များကို တင်ပြသည်။

**ဆွေးနွေးအကြံပြု**

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ကူးစက်) ဒေါက်တာထွန်းတင်၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်မှ ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းနှင့် တက်ရောက်လာကြသူများကို ဆွေးနွေးအကြံပြုခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လက်ရှိတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ မြို့နယ်ငါးမြို့နယ်တွင် ဆုံဆို့နာရောဂါလူနာ စုစုပေါင်း ၄၅ ဦးရှိပြီး သေဆုံးလူနာပေါင်း ခြောက်ဦးရှိမှုသည် ကိုဗစ်-၁၉ ကြောင့် လက်ရှိအချိန်အထိ သေဆုံးသူ ခြောက်ဦးနှင့် အရေအတွက်တူညီနေပါကြောင်း၊ ကာကွယ်ဆေးများကို ဝန်ကြီးဌာနမှ အခမဲ့ထိုးနှံတိုက်ကျွေးပေးနေမှုနှင့် သတ်မှတ်အသက်အရွယ်တွင် ကာကွယ်ဆေးများကို အကြိမ်ရေပြည့် ထိုးနှံတိုက်ကျွေးရန် အထူးအရေးကြီးမှုတို့ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရပ်ကွက်များနှင့် ကျေးရွာများတွင် ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါများ၏ ရောဂါလက္ခဏာများနှင့် ကာကွယ်ဆေးများအကြောင်းကို အသံချဲ့စက်ဖြင့် အသိပညာပေးမှုများ ပိုမိုဆောင်ရွက်စေလိုပါကြောင်း။

**ဖြန့်ဝေထားရှိမည်**

ထို့ပြင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသော ရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းလမ်းညွှန်နှင့် စံလုပ်ထုံးလုပ်နည်းများကို မြန်မာနိုင်ငံဆရာဝန်အသင်းမှတစ်ဆင့် ပုဂ္ဂလိကအထွေထွေရောဂါကု ဆရာဝန်များထံသို့ ဖြန့်ဝေထားရှိရမည်ဖြစ်ပါကြောင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုမှုစနစ်များကို ဘက်စုံခြုံငုံသုံးသပ်ကာ ပိုမိုကောင်းမွန်စေရေးဆောင်ရွက်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို အမြန်ဆုံးဆောင်ရွက်စေလိုပါကြောင်း၊ ဆုံဆို့နာအဆိပ်ဖြေဆေးများ ပြတ်လပ်မှုမရှိစေရေးအတွက် ကြိုတင်တွက်ဆ ဝယ်ယူထားရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများအနေဖြင့် ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် ခွဲရှူးရောဂါ ကာကွယ်ဆေးထိုးနေမှုအခြေအနေများကို ဆန်းစစ်အကဲဖြတ်ခြင်းနှင့် ပံ့ပိုးဆောင်ရွက်ခြင်းတို့ကို ပုံမှန်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဒုတိယတိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများအနေဖြင့် ခရိုင်၊ မြို့နယ်များ၊ ကျန်းမာရေးဌာနများသို့ ကွင်းဆင်းဆန်းစစ်ခြင်းနှင့် ပံ့ပိုးဆောင်ရွက်ခြင်းများကို ပုံမှန်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ IDP စခန်းများရှိ ပြည်သူများနှင့်ဘိုးဘွားများ၊ မသန်စွမ်းများအား ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ပံ့ပိုးကူညီမှုများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ IDP စခန်းများရှိ ပြည်သူများနှင့် ဘိုးဘွားများ၊ မသန်စွမ်းများအား ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်အရ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးသည်။

**အထောက်အပံ့ဖြစ်စေ**

ထိုကဲ့သို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ IDP စခန်းများတွင် နေထိုင်သူများအတွက် မိသားစုပညာရေး၊ ကျန်းမာရေးကိစ္စများအပါအဝင် စားသောက်ကုန်များ ဝယ်ယူသုံးစွဲနိုင်ရန် အိမ်ထောင်စုအလိုက် ငွေကြေးထောက်ပံ့မှုပြုခြင်း၊ ပုံမှန်လူမှုရေးပင်စင်ရရှိမှုတွင် မပါဝင်သေးသော သက်ကြီးဘိုးဘွားများအတွက် အထူးတစ်ကြိမ်ထောက်ပံ့ခြင်းနှင့် ယခင်အကြိမ်ထောက်ပံ့မှုတွင် မပါဝင်သေးသော မသန်စွမ်းများအတွက် ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ယခုလိုထောက်ပံ့မှုများသည် ရေတိုအတွက်ဖြစ်သော်လည်း ထောက်ပံ့ငွေများကြောင့် ဒေသတွင်းငွေကြေးစီးဆင်းမှု ပိုမိုများပြားလာပြီး တစ်ဆက်တည်းမှာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေပါကြောင်း၊ ရေရှည်အနေဖြင့် မိမိတို့ဝန်ကြီးဌာနသည် အခြားဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းလျက် အစိုးရက ထာဝရငြိမ်းချမ်းရေးရရှိရေး ရည်ရွယ်ချက်ဖြင့် ကျင်းပဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံက ဆွေးနွေးရရှိလာသည့် ဘုံသဘောတူညီချက်များထဲမှ လူမှုရေးကဏ္ဍဆိုင်ရာ သဘောတူညီချက် ၁၁ ချက်ကို ၂၀၁၇ ခုနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ဆောင်ရွက်မှုတိုင်းတွင် လူမှုသဟဇာတသဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

**အလေအလွင့်မရှိ ရရှိအောင်**

ယခုကဲ့သို့ထောက်ပံ့မှုများသည် ပြည်သူ့ဘဏ္ဍာငွေများကို ပြည်သူများလိုအပ်သည့်အချိန်တွင် ပြည်သူများထံသို့ ပြန်လည်ရောက်ရှိအောင် ပြည်သူ့အစိုးရက ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ အကျိုးခံစားခွင့်ရှိသူများထံ အလေအလွင့်မရှိဘဲ အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးကြသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအပါအဝင် ဌာနဆိုင်ရာများ၊ ပူးပေါင်းကူညီဆောင်ရွက်ကြသည့် ပြည်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉စီးပွားရေးကုစားမှုအစီအစဉ်အရ



ရှမ်းပြည်နယ် (မြောက်ပိုင်း) IDP စခန်းများတွင် နေထိုင်ကြရသော အိမ်ထောင်စု ၁၄၂၃ စုအတွက် ထောက်ပံ့ငွေကျပ် ၅၆ ဒသမ ၉၂ သန်း၊ ဘိုးဘွား ၄၉၆ ဦးအတွက် ငွေကျပ် ၁၄ ဒသမ ၈၈ သန်း၊ လားရှိုးခရိုင်အတွင်းရှိ မသန်စွမ်းသူ စုစုပေါင်း ၂၅၁၄ ဦးအတွက် ငွေကျပ် ၇၅ ဒသမ ၄၂ သန်း တို့ကို တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်ထောက်ပံ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်ဆရာတော် လားရှိုးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ပုညနန္ဒကို သွားရောက်ကြည်ညိုဖူးမြော်ပြီး ဝါဆိုသင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**○ အိန္ဒိယနိုင်ငံမှ**

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဩဂုတ် ၂၉ ရက်တွင်လည်း အိန္ဒိယနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# လိုက်ဘေးရီးယားနိုင်ငံ၏ ဒုတိယသမ္မတ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**မွန်ရိုဗီးယား ဩဂုတ် ၁၄**

လိုက်ဘေးရီးယားနိုင်ငံ၏ ဒုတိယသမ္မတ ဂျီဝါလ်ဟောင်းဝတ်တေလာသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံခဲ့ရကြောင်း လိုက်ဘေးရီးယားကျန်းမာရေး အာဏာပိုင်များက ဩဂုတ် ၁၃ ရက်တွင် အတည်ပြုပြောကြားသည်။

တာဝန်ရှိသူများအနေဖြင့် ဒုတိယသမ္မတမှာ ကိုဗစ်-၁၉ ရောဂါပိုး မတွေ့ရှိကြောင်း ကနဦးတွင် ငြင်းဆိုခဲ့သော်လည်း ကျန်းမာရေးဝန်ကြီး ဌာနက ကိုရိုနာဗိုင်းရပ်ပိုးစမ်းသပ်တွေ့ရှိခဲ့သည်ဟု ဩဂုတ် ၁၀ ရက်က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

တေလာသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကြောင့် နိုင်ငံ၏မြို့တော် မွန်ရိုဗီးယားရှိ ဆေးရုံတစ်ရုံ၌ တက်ရောက်ကုသခဲ့ကြောင်း အခြားတရားဝင်ထုတ်ပြန်ချက်တစ်ရပ်တွင် ဩဂုတ် ၇ ရက်က ဖော်ပြထားသည်။

ဒုတိယသမ္မတသည် အဆိုပါဆေးရုံ၌ ဆေးဝါးကုသမှုခံယူခဲ့ပြီး နောက်ထပ်ဆေးဝါးကုသမှု ဆက်လက်ခံယူရန်အတွက် ဩဂုတ် ၁၁ ရက်က အဆိုပါဆေးရုံမှ ဂါနာနိုင်ငံမြို့တော် အက္ကာရာမြို့ရှိဆေးရုံ တစ်ရုံသို့ လေကြောင်းဖြင့် ထွက်ခွာသွားကြောင်း ထုတ်ပြန်ချက်တွင် ထပ်မံဖော်ပြထားသည်။

လက်ရှိအချိန်၌ လိုက်ဘေးရီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၂၅၂ ဦးရှိပြီး ၎င်းတို့အနက် ၈၂ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့သည်။ သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် လူနာ ၇၃၈ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**

# ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၈၉ ဦး ထပ်မံတွေ့ရှိ

**တိုကျို ဩဂုတ် ၁၄**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၈၉ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း ယနေ့ဆေးမှတ်တမ်းများအရ သိရသည်။

အဆိုပါ ကူးစက်မှုနှုန်းသည် လွန်ခဲ့သော ငါးရက်အတွင်း ပထမဆုံးအကြိမ် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၃၀၀ ကျော် အထိ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူများ၏ ထက်ဝက်ကျော်သည် အသက် ၂၀ မှ ၃၀ ကြားရှိသူများဖြစ်ကြောင်း တွေ့ရသည်။ တိုကျိုမြို့၌ လူဦးရေ ၁၄ သန်းခန့်ရှိပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၁၇၀၀၀ ရှိကြောင်း သိရသည်။

**တိုက်တွန်းပြောကြား**

မလိုအပ်ဘဲခရီးမသွားကြရန်နှင့် လူထူထပ်သောနေရာများသို့ သွားလာခြင်းကို ရှောင်ကြဉ်ကြရန် တိုကျိုမြို့ အုပ်ချုပ်ရေးမှူး ကိုကီယူရီကိုက မြို့နေပြည်သူများအား တိုက်တွန်းပြောကြားခဲ့သည်။ ထို့ပြင် ပြည်သူများအနေဖြင့် ဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်များကိုလိုက်နာပြီး နွေရာသီ၏ ပူပြင်းမှုဒဏ်ကိုလည်း ခံနိုင်ရည်ရှိရန် ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်သင့်သည်ဟု ကိုကီယူရီကိုက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အောင်ကျော်ကျော်**



# ရုရှားဗိုင်းရပ်စ်ကာကွယ်ဆေးနှင့်ပတ်သက်ပြီး ဆွေးနွေးလျက်ရှိ

**ဂျီနီဗာ ဩဂုတ် ၁၄**

ရုရှားနိုင်ငံက မကြာမီစတင်ထုတ်လုပ်တော့မည့် ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့်ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ရုရှားတာဝန်ရှိသူများ ဆွေးနွေးလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အဆင့်မြင့်ကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောကြားလိုက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ရုရှားနိုင်ငံလုပ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို စစ်ဆေးအကဲဖြတ်ရန် လုံလောက်သော အချက်အလက်များ အခိုင်အမာမရှိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ်၏ အဆင့်မြင့်အကြံပေး ဒေါက်တာဘရုစ်အယ်လ်ဝဒ်က ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ပူးပေါင်းလုပ်ဆောင်မှုနှင့်အတူ စမ်းသပ်မှုအဆင့် ၂ နှင့် အဆင့် ၃ သို့ ရောက်ရှိတော့မည့် ကာကွယ်ဆေးအမျိုးအစား ကိုးမျိုးခန့်ရှိကြောင်းနှင့် ရုရှားနိုင်ငံလုပ်ကာကွယ်ဆေးသည် အဆိုပါ စမ်းသပ်မှုများ ပြုလုပ်လျက်ရှိသည့် ဆေးအမျိုးအစား ကိုးမျိုးတွင် ပါဝင်ခြင်းမရှိကြောင်း ဒေါက်တာဘရုစ် အယ်လ်ဝဒ်က ဆိုသည်။




အဆိုပါရုရှားလုပ်ကာကွယ်ဆေးကို ကမ္ဘာ့ပထမဆုံးသော ကိုဗစ်-၁၉ ကာကွယ်ဆေးအဖြစ် ဩဂုတ် ၁၁ ရက်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က စာရင်းသွင်းခဲ့သည်။

အဆိုပါကာကွယ်ဆေးကိုရက်သတ္တ နှစ်ပတ်အတွင်း စတင်ထုတ်လုပ်တော့မည်ဖြစ်ကြောင်းနှင့် ကာကွယ်ဆေးနှင့်ပတ်သက်ပြီး သံသယဖြင့်ပြောဆိုမှုများသည် အခြေအမြစ်မရှိပါကြောင်း ရုရှားကျန်းမာရေးဝန်ကြီး မီခေးမူရာရှ်ကိုက ဆိုသည်။

ရုရှားနိုင်ငံက အဆိုပါ ကာကွယ်ဆေးကို အောက်တိုဘာလအတွင်း အများအပြားထုတ်လုပ်ရန် စီစဉ်ထားကြောင်း သိရသည်။ သို့သော် ရုရှားနိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်တော့မည်ဟု ကြေညာခဲ့ပြီးနောက် အဆိုပါဆေးအပေါ် ယုံကြည်စိတ်ချရခြင်း ရှိ၊ မရှိနှင့် ပတ်သက်ပြီး ကမ္ဘာတစ်ဝန်း၌ စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# မြောက်ကိုရီးယား ဝန်ကြီးချုပ်အသစ် ပြောင်းလဲခန့်အပ်

**ပြုံယမ်း ဩဂုတ် ၁၄**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ကင်တော့ခ်ဟန်အား ဝန်ကြီးချုပ်အသစ်အဖြစ် ယနေ့ခန့်အပ်ခဲ့ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

**ကြေညာ**

ယမန်နေ့က ကျင်းပသော အာဏာရအလုပ်သမားပါတီ၏ အစည်းအဝေးတွင် ဝန်ကြီးချုပ် ကင်ဂျေယောင်၏ ရာထူးနေရာကို ကင်တော့ခ်ဟန်အား ပြောင်းလဲ ခန့်အပ်လိုက်ကြောင်း ခေါင်းဆောင် ကင်ဂျုံအန်က ကြေညာခဲ့သည်။

ဝန်ကြီးချုပ်အသစ် ကင်တော့ခ်ဟန်သည် ဝန်ကြီးချုပ်ရာထူးမခန့်အပ်မီ ပါလီမန်ဘဏ္ဍာရေးကော်မတီအကြီးအကဲတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဝန်ကြီးချုပ် ပြောင်းလဲခန့်အပ်မှုနှင့် ပတ်သက်ပြီး အကြောင်းပြချက်များ ထည့်သွင်းဖော်ပြထားခြင်းမရှိပေ။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ကရာကတ်စ်မြို့တော်ဝန် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကွယ်လွန်

**ကရာကတ်စ် ဩဂုတ် ၁၄**

ဗင်နီဇွဲလားနိုင်ငံ ကရာကတ်စ်မြို့တော်ဝန် ဒါရီယိုဗီဗက်စ်သည် ရက်သတ္တသုံးပတ်ကျော်ကြာ ကိုဗစ်-၁၉ ရောဂါခံစားရပြီးနောက် ယမန်နေ့က အသက် ၇၀ အရွယ်တွင် ကွယ်လွန်သွားခဲ့ကြောင်း သိရသည်။

၎င်းတွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ပြီး သီးခြားခွဲနေကာ ကုသမှုခံယူနေကြောင်း ဗီဗက်စ်က ဇူလိုင် ၁၈ ရက်တွင် ကြေညာခဲ့သည်။ “ကျွန်တော့်မှာ ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ပါတယ်”ဟု ဗီဗက်စ်က တွစ်တာလူမှုကွန်ရက်၌ ရေးသားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့သည့် အခြားဗင်နီဇွဲလားတာဝန်ရှိသူများတွင် မကြာသေးမီက ဆေးရုံမှဆင်းခဲ့သည့် လွှတ်တော်နာယက ဒီယိုဒါဒိုကာဘယ်လို၊ ရေနံလုပ်ငန်းဝန်ကြီး တာရတ်ခ်အယ်လ်အိုင်ဆာမီနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့တော်ဝန်များ ပါဝင်သည်။

ဒါရီယိုဗီဗက်စ်အား ယခုနှစ် ဇန်နဝါရီလတွင် ကရာကတ်စ်မြို့တော်ဝန်အဖြစ် ခန့်အပ်ခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ
၂၁၁၂၇၁၃၄ ဦး

သေဆုံးသူ
၇၅၈၃၀၃ ဦး

ပြန်လည်ကျန်းမာလာသူ
၁၃၉၇၂၉၃၂ ဦး

# အစားအစာထုတ်လုပ်ဖြန့်ဝေမှုများကြောင့် ဗိုင်းရပ်စ်ကူးစက်သည်ဆိုသည့် ခိုင်မာသောအထောက်အထား မတွေ့ရှိသေး




**ကုလသမဂ္ဂ ဩဂုတ် ၁၄**

အစားအစာများ ထုတ်လုပ်မှုနှင့် ဖြန့်ဝေမှုများကြောင့် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်နိုင်သည့် သက်သေအထောက်အထားများမတွေ့ရှိသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားလိုက်သည်။

ဘရာဇီးနိုင်ငံမှ တင်သွင်းခဲ့သည့် အေးခဲကြက်သားများမှ ကိုရိုနာဗိုင်းရပ်စ်ပိုး စစ်ဆေးတွေ့ရှိခဲ့သည်ဟု တရုတ်အစိုးရ၏ ကြေညာချက်ထွက်ပေါ်လာခဲ့ပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တာဝန်ရှိသူများက ဂျီနီဗာမြို့၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုရိုနာဗိုင်းရပ်စ် တုံ့ပြန်ဆောင်ရွက်မှု နည်းပညာဆိုင်ရာအကြီးအကဲ မာရီယာဗန်ကာခိုဗီက ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်သည့် ကမ္ဘာ့နိုင်ငံများ၏ အစီရင်ခံစာများကို အလေးထားပါကြောင်း ပြောကြားခဲ့သည်။ ဘရာဇီးနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်သွင်းသည့် အေးခဲကြက်သား နမူနာပေါင်းများစွာကို တရုတ်တာဝန်ရှိသူများက စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့ကြောင်း မာရီယာဗန်ကာခိုဗီက ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ပိုးသည် အသားများပေါ်သို့ ရောက်ရှိစေကာမူ အဆိုပါအသားများကို ကောင်းမွန်စွာ ချက်ပြုတ်လိုက်မည်ဆိုပါက ဗိုင်းရပ်စ်ပိုးများ သေဆုံးသွားနိုင်သည်ဟု မာရီယာဗန်ကာခိုဗီက ဆိုသည်။

စားသောက်ကုန်များပေါ်တွင် ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့သည်ဆိုသည့် အချက်အလက်များကို အသေးစိတ် ထပ်မံစစ်ဆေး စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရေးပေါ်အစီအစဉ် အကြီးအကဲ မိုက်ကယ်ရေးက ပြောကြားခဲ့သည်။ သို့သော် အစားအစာထုတ်လုပ်ဖြန့်ဝေမှုများကြောင့် ဗိုင်းရပ်စ်ပိုး ကူးစက်သည်ဆိုသည့် ခိုင်မာသည့်သက်သေအထောက်အထား မရှိသေးကြောင်း မိုက်ကယ်ရေးက ဆိုသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# ဗိုင်းရပ်စ်အန္တရာယ်ကြောင့် ပြင်ပမှ ရေဘေးအကူအညီ လက်မခံဟု မြောက်ကိုရီးယားပြော

**ပြုံယမ်း ဩဂုတ် ၁၄**

မြောက်ကိုရီးယားနိုင်ငံတွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် ရေဘေးကြောင့် ဆိုးရွားသော ထိခိုက်ပျက်စီးမှုများရှိခဲ့လင့်ကစား ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြင်ပအကူအညီများ လက်ခံသွားမည်မဟုတ်ကြောင်း ထိပ်တန်းခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်ဟု နိုင်ငံပိုင် KCNA သတင်းဌာနက ယနေ့ ဖော်ပြခဲ့သည်။

ကင်ဂျုံအန်က ရေဘေးသင့်ပြည်သူများ၊ လယ်ယာမြေများ ရေဘေးကြောင့် ထိခိုက်ပျက်စီးမှုမှ ပြန်လည်ထူထောင်ရေးအစီအမံများ ဆွေးနွေးသည့် အာဏာရကိုရီးယား အလုပ်သမားပါတီ၏ သတ္တမအကြိမ် ဗဟိုကော်မတီ နိုင်ငံရေးဗျူရို (၁၆)ကြိမ်မြောက် အစည်းအဝေး၌ ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ ကမ္ဘာတစ်ဝန်း အခြေအနေဆိုးရွားလာသည့် ကိုရိုနာဗိုင်းရပ်စ် အခြေအနေကြောင့် တင်းကျပ်သော နယ်စပ်ပိတ်ဆို့မှုများ၊ ဗိုင်းရပ်စ် တားဆီးကာကွယ်ရေးအစီအမံများ ပြုလုပ်နေပြီး ရေဘေးထိခိုက်ပျက်စီးမှု မည်မျှကြီးမားသည်ဖြစ်စေ မည်သည့် ပြင်ပအကူအညီမျှ ခွင့်မပြုကြောင်း KCNA သတင်းဌာနက ကင်ဂျုံအန်အား ကိုးကား၍ ဖော်ပြခဲ့သည်။

ရေဘေးကြောင့် စပါးခင်း ဟက်တာ ၃၉၀၀၀ ကျော်၊ နေအိမ် ၁၆၆၈၀ နှင့် ပြည်သူပိုင် အဆောက်အအုံ ၆၃၀ ရေနစ်မြုပ်ပျက်စီးခဲ့သည်။ ရေဘေးသင့်ပြည်သူများ အတွက် ပါတီက တာဝန်ရှိပါကြောင်း၊ ရေဘေးသင့်ပြည်သူများနှင့်အတူ ဒုက္ခမျှဝေပြီး ၎င်းတို့၏ နာကျင်မှုများ သက်သာရာရစေမည်ဟု ကင်ဂျုံအန်က ပြောသည်။ ရေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ မြန်ဆန်စွာ ဆောင်ရွက်ရန် ၎င်းက အလေးပေး ပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် လက္ခဏာများရှိသော မြောက်ကိုရီးယားပြည်ပြေးတစ်ဦး တောင်ကိုရီးယားနိုင်ငံမှ ပြန်လာပြီးနောက် ဇူလိုင် ၂၄ ရက်တွင် ကေဆောင်မြို့၌ သတ်မှတ်ခဲ့သည့် သွားလာမှုကန့်သတ်ချက် အစီအမံများ ရုပ်သိမ်းကြောင်း ကင်ဂျုံအန်က အစည်းအဝေး၌ ကြေညာခဲ့သည်။



မြောက်ကိုရီးယားနိုင်ငံတွင် ဩဂုတ် ၁ ရက်နောက်ပိုင်း မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။

**ကိုးကား–-ဆင်ဟွာ**
**ဘာသာပြန်–ကျော်ထိုက်စိုး**

## အာဖဂန်အစိုးရက တာလီဘန်စစ်သွေးကြွအကျဉ်းသား ၈၀ အား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေး

**ကဘူးလ် ဩဂုတ် ၁၄**

အာဖဂန်နစ္စတန်အစိုးရသည် တာလီဘန်အကျဉ်းသား ၄၀၀ အနက် ၈၀ ကို ယမန်နေ့က ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးလိုက်ကြောင်း အာဖဂန်အမျိုးသားလုံခြုံရေးကောင်စီရုံး ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။

လွှတ်တော်၌ တာလီဘန်စစ်သွေးကြွအကျဉ်းသား ၈၀ အား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပေးရန် အတည်ပြုထောက်ခံခဲ့ပြီးနောက် အာဖဂန်အစိုးရအနေဖြင့် ယခုကဲ့သို့ တာလီဘန်စစ်သွေးကြွအကျဉ်းသား အယောက် ၈၀ ကို လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဂျာဗစ်ဖိုင်ဆာလ်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ယခုနှစ် ဖေဖော်ဝါရီလက ကာတာနိုင်ငံ၌ အမေရိကန်ပြည်ထောင်စုနှင့် တာလီဘန်အုပ်စုအကြား လက်မှတ်ရေးထိုးထားသည့် ငြိမ်းချမ်းရေးသဘောတူစာချုပ်အရ အာဖဂန်နစ္စတန်အစိုးရက ဖမ်းဆီးထိန်းသိမ်းထားသည့် တာလီဘန် စစ်သွေးကြွအကျဉ်းသား ၅၀၀၀ ကို လွှတ်ပေးမည်ဖြစ်သလို တာလီဘန်အုပ်စုကလည်း ထိန်းသိမ်းခံထားရသော အာဖဂန်စစ်သည်များနှင့် အာဖဂန်အစိုးရဝန်ထမ်း အယောက် ၁၀၀၀ကို လွှတ်ပေးရမည်ဖြစ်သည်။

အဆိုပါ သဘောတူစာချုပ်အရ အာဖဂန်အစိုးရအနေဖြင့် တာလီဘန်အကျဉ်းသားစာရင်းတွင် မပါရှိသည့် အကျဉ်းသား ၅၀၀ အပါအဝင် အကျဉ်းသား ၅၁၀၀ ကို ယခုနှစ် မတ်လအစောပိုင်းကတည်းက လွှတ်ပေးခဲ့ပြီး တာလီဘန်အုပ်စုကလည်း အာဖဂန်စစ်သည်နှင့် အစိုးရဝန်ထမ်း ၁၀၀၀ ကို လွှတ်ပေးခဲ့ပြီးဖြစ်သည်။ သို့သော် အာဖဂန်အစိုးရသည် ကြီးမားသောပြစ်မှုကျူးလွန်ခဲ့သည့် တာလီဘန်အကျဉ်းသား ၄၀၀ လွှတ်ပေးရန် အစီအစဉ်ကို ဆိုင်းငံ့ထားသည်။

အာဖဂန်နစ္စတန်သမ္မတ မိုဟာမက်အာရှ်ရပ်ဖ်ဂါနီသည် ပြစ်ဒဏ်ကျခံရသည့် တာလီဘန်စစ်သွေးကြွအကျဉ်းသား ၄၀၀ အား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုသည့် အမိန့်တစ်ရပ်ကို ဩဂုတ် ၁၀ ရက် ညနေပိုင်းက ထုတ်ပြန်ခဲ့သည်။

အမေရိကန်နှင့် တာလီဘန်အုပ်စုအကြား သဘောတူညီချက်အရ အမေရိကန်နှင့် နေတိုးဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့သည် တာလီဘန်အုပ်စုအနေဖြင့် နိုင်ငံခြားစစ်သွေးကြွအုပ်စုနှင့် အဆက်အသွယ် ဖြတ်တောက်ခြင်းအပါအဝင် စာချုပ်ပါအချက်များကို လိုက်နာပါက လာမည့် ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် အာဖဂန်နစ္စတန်နိုင်ငံမှ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# တောင်အာဖရိက၌ ကျန်းမာရေးဝန်ထမ်း ၂၇၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရ

**ကိတ်(ပ်)တောင်း ဩဂုတ် ၁၄**

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန် မတ်လအစောပိုင်းမှစ၍ ကျန်းမာရေးဝန်ထမ်း ၂၇၃၆၀ တို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း တောင်အာဖရိက ကျန်းမာရေးဝန်ကြီး ဇွယ်လီအမ်ခိုက်ဇ်က ယနေ့ပြောကြားသည်။

### ထုတ်ပြန်ဖော်ပြ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အဆိုပါ ကျန်းမာရေးဝန်ထမ်းများ အနက် ၆၀၂၇ ဦးတို့သည် ပုဂ္ဂလိကကဏ္ဍမှဖြစ်ပြီး ကျန် ၂၁၃၃၃ ဦးတို့သည် အစိုးရကဏ္ဍမှ ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါ ကူးစက်ခံရမှုတွင် ဆရာဝန် ၁၆၄၄ ဦး၊ သူနာပြု ၁၄၁၄၃ ဦးနှင့် အခြားအဆင့် ကျန်းမာရေးဝန်ထမ်းများဖြစ်ကြကြောင်း သိရသည်။ ကျန်းမာရေးဝန်ထမ်းများ အကြား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းသည် နိုင်ငံတစ်ဝန်းလုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းနှင့် နှိုင်းယှဉ်ကြည့်ပါက ၅ ရာခိုင်နှုန်းခန့်ရှိကြောင်း အမ်ခိုက်ဇ်က ရှင်းလင်းပြောကြားသည်။

### ၂၄၀ သေဆုံး

“ဝမ်းနည်းစရာ ကောင်းတာက ပုဂ္ဂလိကကဏ္ဍက ၃၇ ဦးနဲ့ အစိုးရကဏ္ဍက ၂၀၃ ဦးတို့ အပါအဝင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရတဲ့ ကျွန်တော်တို့ရဲ့ ကျန်းမာရေးဝန်ထမ်း ၂၄၀ တို့ဟာ သေဆုံးသွားတယ်” ဟု ၎င်းက ထပ်မံပြောကြားသည်။




တောင်အာဖရိကရှိ ကျန်းမာရေးဝန်ထမ်းများအကြား ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုနှုန်းမှာ နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအားလုံး၏ သုည ဒသမ ၉ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။ ထို့အတူ တောင်အာဖရိက၌ ဩဂုတ် ၄ ရက်အထိ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသော ကျန်းမာရေးဝန်ထမ်း ၁၆၀၀၅ ဦးရှိရာ ကျန်းမာရေးဝန်ထမ်းများအကြား ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာမှုနှုန်းမှာ ၅၈ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

တောင်အာဖရိက ပြည်သူများအတွက် အဆုံးအထိ တာဝန်ထမ်းဆောင်ရန် ကတိကဝတ်ပြုထားသည့် စေတနာ့ဝန်ထမ်းများ၏ သေဆုံးမှုကို ချီးကျူးဂုဏ်ပြုကြောင်း၊ ၎င်းတို့သေဆုံးမှုအပေါ် ဝမ်းနည်းကြေကွဲမိပါကြောင်း၊ တန်ဖိုးရှိလှသည့် စေတနာ့ဝန်ထမ်းများ၏ မိသားစုဝင်များ၊ သူငယ်ချင်းများ၊ လုပ်ဖော်ကိုင်ဖက်များနဲ့အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း ကျန်းမာရေးဝန်ကြီးက ထပ်လောင်းပြောကြားသည်။

### ပဉ္စမအဆိုးဆုံးနိုင်ငံ

လက်ရှိအချိန်အထိ တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၆၈၉၁၉ ဦးရှိပြီး ယင်းတို့အနက် ၁၁၀၁၀ တို့သည် အဆိုပါရောဂါနှင့် ဆက်စပ်သည့် ရောဂါများကြောင့် သေဆုံးခဲ့ကြောင်း နောက်ဆုံးတရားဝင် ကိန်းဂဏန်းများအရ သိရသည်။ တောင်အာဖရိကနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံသူဦးရေသည် အာဖရိကတိုက်ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေ၏ ထက်ဝက်ကျော်ရှိပြီး ကမ္ဘာ့အတိုင်းအတာဖြင့်ကြည့်ပါက အမေရိကန်၊ ဘရာဇီး၊ အိန္ဒိယနှင့် ရုရှားနိုင်ငံတို့ပြီးလျှင် ကိုဗစ်-၁၉ ရောဂါ ပဉ္စမအဆိုးဆုံးထိခိုက်သည့် နိုင်ငံဖြစ်လာခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# စစ်တွေမြို့နယ် ကျောက်တန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ AA အကြမ်းဖက်အဖွဲ့ဝင်များအား မူးယစ်ဆေးဝါးများနှင့်အတူဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကျောက်တန်း ပူးပေါင်းစစ်ဆေးရေး ဂိတ်၌ ဩဂုတ် ၁၂ ရက်က AA အကြမ်းဖက်အဖွဲ့ဝင်များအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်း သတင်းထုတ်ပြန်ချက်၌ စစ်တွေမြို့နယ် ကျောက်တန်း ပူးပေါင်း စစ်ဆေးရေးဂိတ်၌ လုံခြုံရေး ဆောင်ရွက်နေသော ပူးပေါင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် စစ်တွေမြို့ဘက်မှ ပုဏ္ဏားကျွန်းဘက်သို့ မောင်းနှင်လာသော သုံးဘီးယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ကျော်ကျော်ဝင်း (၃၈)နှစ်၊ မောင်ပု (၃၈)နှစ်နှင့် သာဇံ (၄၀) နှစ်တို့အား စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀၀၊ မြန်မာငွေကျပ် ၁၂ သိန်း၊ လက်ကိုင်ဖုန်း သုံးလုံး၊ AA လက်မောင်းတံဆိပ်နှင့် ARAKAN ARMY စာတန်းပါ စစ်စိမ်းရောင်ယူနီဖောင်း တစ်စုံ၊ အစိမ်းရောင်ပြောက်ကျားဘောင်းဘီရှည် တစ်ထည်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

စစ်ဆေးပေါ်ပေါက်ချက်များအရ ၎င်းတို့ထဲမှ တစ်ဦးသည် ၂၀၁၂ ခုနှစ်တွင် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သို့ဝင်ရောက်ခဲ့ပြီး လိုင်ဇာ၌ သင်တန်းအမှတ်စဉ် ၈/၂၀၁၂ သို့တက်ရောက်ခဲ့ကြောင်း၊ သင်တန်းတွင် AAA (ARAKAN ARMY ASSISTANT) တပ်ဖွဲ့ဝင်အဖြစ် တာဝန်ပေး၍ လူထုဆက်ဆံရေးပညာအား သင်ကြားခဲ့ရကြောင်း၊ AA အကြမ်းဖက်အဖွဲ့သည် တိုက်ခိုက်ရေးလုပ်ငန်း ဆောင်ရွက်ရပြီး AAA အဖွဲ့သည် ကျေးရွာများအတွင်းနေထိုင်၍ စည်းရုံးရေး၊ လူသစ်စုဆောင်းရေးနှင့် အလှူငွေကောက်ခံသည့် လုပ်ငန်းများအား လုပ်ကိုင်ရကြောင်း၊ သင်တန်းဆင်းပြီးနောက် မြေပုံမြို့နယ် ကမ်းထောင်းကြီးတိုက်နယ်ရှိ ကမ်းထောင်းကြီးကျေးရွာ၊ ပေါက်တူးတောင်ကျေးရွာ၊ တပ်ရွာ၊ သရက်တောင်ကျေးရွာ၊ ကြီးတောကျေးရွာနှင့် စက်ခံမော်ကျေးရွာတို့တွင် ယနေ့အချိန်အထိ စည်းရုံးရေးလုပ်ငန်းများ ပြုလုပ်ပြီး AA အကြမ်းဖက်အဖွဲ့အတွက် လစဉ်အလှူငွေများကောက်ခံခဲ့ကြောင်း၊ တစ်လလျှင် အလှူငွေကျပ်သိန်း ၄၀ ခန့်ရရှိပြီး ကောက်ခံရရှိသည့် ငွေများဖြင့် စားနပ်ရိက္ခာများဝယ်ယူ၍ တောထဲရှိ AA အကြမ်းဖက်အဖွဲ့များထံ ပို့ပေးခဲ့ရကြောင်း။

မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင် ရောင်းဝယ်မှုများကိုလည်း တာဝန်ပေးချက်အရ ဆောင်ရွက်ရပြီး ယခုဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို မာရမကြီး ကယ်ဆယ်ရေး စခန်းအနီးနေ အောင်သိန်း(စီစစ်ဆဲ) ထံမှရယူ၍ ပါဒလိတ်စက်လှေဆိပ်သို့ ပို့ဆောင်ရန် ၎င်းတို့ သုံးဦးနှင့်အတူ သယ်ဆောင်လာစဉ် ဖမ်းဆီးခံရကြောင်း သိရှိရသဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**



ကျော်ကျော်ဝင်း၊ သာဇံနှင့် မောင်ပုတို့အား သက်သေခံမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



မောင်ပုအား ARAKAN ARMY ဝတ်စုံနှင့် တွေ့ရစဉ်။

# ကျောက်တော်မြို့နယ် စံပယ်လှကျေးရွာအနီး၌ AA အကြမ်းဖက်သောင်းကျန်းသူအမာခံတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် စံပယ်လှကျေးရွာအနီး၌ AA အကြမ်းဖက်သောင်းကျန်းသူ အမာခံတစ်ဦး ဖမ်းဆီးရမိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် ကျောက်တော်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် သတင်းအရ စံပယ်လှကျေးရွာအနီး စောင့်ဆိုင်းနေစဉ် ဩဂုတ် ၁၁ ရက် နံနက် ၆ နာရီခန့်က စံပယ်လှကျေးရွာမှ တောပန်ဇင်းကျေးရွာဘက်သို့ ကျေးရွာချင်းဆက်လမ်းအတိုင်း လမ်းလျှောက်လာသော အမျိုးသားတစ်ဦးအား မသင်္ကာ၍ ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ကြောင်း၊ ယင်းအမျိုးသားမှာ တောပန်ဇင်းကျေးရွာနေ ဦးအေးမောင် ၅၅ နှစ်ဖြစ်ပြီး စစ်ကြောမေးမြန်းချက်များအရ ၎င်းသည် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ တပ်ကြပ်ကြီးအဆင့်ရှိ အောင်ခိုင်စိုး ၃၁ နှစ်၏ တာဝန်ပေးချက်အရ ၂၀၂၀ ပြည့်နှစ် မတ်လမှစ၍ တောပန်ဇင်းကျေးရွာရှိ တစ်အိမ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် လေးကြိမ်ကောက်ခံကာ AA အကြမ်းဖက်သောင်းကျန်းသူများအတွက် လိုအပ်သော ရိက္ခာနှင့် ပစ္စည်းများ ဝယ်ယူ၍ ပို့ဆောင်ပေးရကြောင်း၊ အပေါက်ဝကျေးရွာအနီး တပ်မတော်စစ်ကြောင်းများနှင့် စစ်ရေယာဉ်များအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ရန်အတွက် လေးကြိမ်တိုင် မြေနေရာရွေးချယ်ပေးရသည်ဟု သိရှိရကြောင်းနှင့် ဖမ်းဆီးရမိ AA အကြမ်းဖက်သောင်းကျန်းသူ အမာခံ အေးမောင်အား သက်ဆိုင်ရာသို့ လွှဲပြောင်း၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

# အင်းစိန်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဩဂုတ် ၁၄**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ပတ္တမြား(၂)လမ်း စော်ဘွားကြီးကုန်းပွဲရုံဝင်း အဆောင်(၁၁၆) အခန်း(၅) ငွေကြယ် ကြွေပြားဂိုဒေါင်တွင် ယမန်နေ့က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဦးဘိုဘိုစည်သူ ငွေကြယ် ကြွေပြားရောင်းဝယ်ရေး ဂိုဒေါင်တာဝန်ခံသည် ဂိုဒေါင်အတွင်း ဘက်ထရီစက်ဘီး အားသွင်းထားရာမှ အပူလွန်ကဲပြီး မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ အင်းစိန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးရန်နိုင်ဖြိုး၊ အင်းစိန်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး တင်လတ်နှင့်အဖွဲ့၊ မီးသတ်ယာဉ်တစ်စီး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သွားရောက်မီးငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုနှင့်ပတ်သက်၍ ဦးဘိုဘိုစည်သူအား အင်းစိန်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# သထုံနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၄**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ ည ၉ နာရီခွဲတွင် သတင်းအရ သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ စားသောက်ဆိုင်၌ စောင့်ဆိုင်းနေစဉ် စိုင်းကျော်နိုင်(ခ)ကျော်ကျော်သည် Honda Fit အမျိုးအစားမော်တော်ယာဉ်ကို မောင်းနှင်လာသဖြင့် စစ်ဆေးရှာဖွေရာ ငွေကျပ် ၃၉၂၇၅ သိန်းတန်ဖိုးရှိ အိုက်စ် ၂၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၆၅၅၀၀၊ မြန်မာငွေကျပ် ၁၀၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၃ နာရီ ၁၅ မိနစ်က တာချီလိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်ရှိ ကားဝပ်ရှော့ရှေ့၌ စစ်ဆေးရေးဆောင်ရွက်နေစဉ် Fortuner အမျိုးအစားယာဉ်အား စစ်ဆေးရန်ရပ်တန့်ခိုင်းရာ ယာဉ်မောင်းမှာ ယာဉ်ပေါ်မှဆင်း၍ ထွက်ပြေးသွားသောကြောင့် ယာဉ်အား စစ်ဆေးရှာဖွေခဲ့ရာ ငွေကျပ်သိန်း ၉၃၇၅၀ တန်ဖိုးရှိ အိုက်စ် ၃၇၅ ကီလိုကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



သိမ်းဆည်းရမိသည့် အိုက်စ်များအား တွေ့ရစဉ်။

ဥပဒေ
ဘောင်တွင်း
နေထိုင်ခြင်း
အေးကင်း
ရန်ကွာ
လွန်ချမ်းသာ

# လိပ်ကျွန်းလူသတ်မှုမှ မြန်မာအလုပ်သမားနှစ်ဦး တစ်သက်တစ်ကျွန်းပြစ်ဒဏ်ဖြင့် ပြစ်ဒဏ်လျှော့ပေါ့မှုရရှိ

**ကော့စမွေ ဩဂုတ် ၁၄**

ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင် အတွင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း) တွင် ဖြစ်ပွားခဲ့သော ကမ္ဘာလှည့်ခရီးသည် နှစ်ဦး သတ်ဖြတ်ခံခဲ့ရမှုနှင့်စပ်လျဉ်း၍ အယူခံတရားရုံးမှ သေဒဏ်ချမှတ်ခံထားရသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦး ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့မှာ ထိုင်းဘုရင်မင်းမြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်စာရင်းတွင် ပါဝင်သောကြောင့် သေဒဏ်မှ လွတ်မြောက်၍ တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ဖြင့် ပြစ်ဒဏ်လျှော့ပေါ့မှုကို ရရှိခဲ့ကြောင်း ထိုင်းနိုင်ငံရှိ လိပ်ကျွန်း အထူးစုံစမ်းရေးကော်မတီ(၃) တာဝန်ခံ ဦးထူးချစ်ထံမှ သိရသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ဖြစ်ပွားခဲ့သော ထိုင်းနိုင်ငံတောင်ပိုင်း စူရတ်ဌာနီခရိုင် ကော့တောင်(လိပ်ကျွန်း) တွင် ဖြစ်ပွားခဲ့သည့် ဗြိတိန်နိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ဒေးဗစ်မေလာနှင့် ဟန်းဝစ်သားရစ်ချ်တို့နှစ်ဦး သေဆုံးခဲ့သည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မြန်မာရွှေ့ပြောင်းအလုပ်သမား နှစ်ဦး ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့အား အမှုပေါင်းခုနစ်မှုဖြင့် ထိုင်းရဲတပ်ဖွဲ့က တရားစွဲဆိုခဲ့သည်။ ၎င်းတို့၏ မိသားစုဝင်များနှင့် ထိုင်းရှေ့နေများကောင်စီတို့မှ ထိုင်းနိုင်ငံဘုရင်မင်းမြတ်ထံသို့ ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် အသနားခံစာတင်ခဲ့ကြကြောင်း၊ ဘန်ခွမ် အကျဉ်းထောင်အတွင်းရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦး၏ လက်မှတ်ရေးထိုးခဲ့မှုကို အကျဉ်းစခန်းဦးစီးမှူးကလည်း လက်မှတ်ရေးထိုးပေးခဲ့ကာ တရားရေးဌာနသို့ တင်သွင်း၍ တရားရေးဌာနမှတစ်ဆင့် ထိုင်းဘုရင်မင်းမြတ်ထံ အသနားခံစာ ဆက်လက်တင်ပေးခဲ့ကြောင်း၊ အဆိုပါ အသနားခံစာ၌ မြန်မာဘက်မှ လူထုအခြေပြု အဖွဲ့အစည်း ၆၀ နှင့် ထိုင်းနိုင်ငံဘက်မှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ ထောက်ခံစာများကိုလည်း ပူးတွဲတင်ခဲ့ကြကြောင်း သိရသည်။

ထိုင်းဘုရင်မင်းမြတ် မဟာဝဇီရာလောင်ကွန်းက မယ်တော်သီရိခေတ်၏ သက်တော် ၈၈ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အကျဉ်းသားများအား လွတ်ငြိမ်းသက်သာခွင့်ပေးရာ ဝင်းဇော်ထွန်းနှင့် ဇော်လင်းတို့လည်း ထိုင်းဘုရင်မင်းမြတ်၏ လွတ်ငြိမ်းချမ်းသာခွင့်စာရင်းတွင် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

■



ကြေးမုံ ၂၀၂၀ ရွေးကောက်ပွဲ အထူးထည့်
ဩဂုတ် ၁၅၊ ၂၀၂၀
စာမျက်နှာ - ၁၅

## အထွေထွေရွေးကောက်ပွဲကို
## ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ (စ) အရ သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲလက်မှတ် သို့မဟုတ် ကြိုတင်ဆန္ဒမဲလက်မှတ်ကို လာရောက်တောင်းဆိုခြင်း သို့မဟုတ် ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချီခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အဟောက် ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။



ရွေးကောက်ပွဲကျင်းပရန်
**၈၅**
ရက်သာ
လိုတော့သည်။

**ရွေးကောက်ပွဲများသည် -**
- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။



## ထန်းတပင်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေးနှင့် ကျန်ရှိမှုမရှိစေရေး အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိ

ထန်းတပင် ဩဂုတ် ၁၄

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိစေရေးနှင့် ကျန်ရှိမှုမရှိစေရေးအတွက် မဲဆန္ဒရှင်စာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ယနေ့ မွန်းလွဲ ၂ နာရီက ခနဲရိကျေးရွာအုပ်စု၊ ထိန်နှစ်ပင်ကျေးရွာအုပ်စု၊ ဝါးတရာကျေးရွာအုပ်စုတို့ကို မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းနိုင်နှင့် မြို့နယ်တာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ခနဲရိကျေးရွာအုပ်စုရှိ ကျောင်းကုန်းကျေးရွာ၊ ထိန်နှစ်ပင်ကျေးရွာအုပ်စုရှိ ထိန်နှစ်ပင်ကျေးရွာနှင့် ရွာသစ်ကျေးရွာ၊ ဝါးတရာကျေးရွာအုပ်စုရှိ ရေတွင်းကုန်းကျေးရွာတို့တွင် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်မှုရှိမရှိ စိစစ်ခြင်း၊ မဲစာရင်းတွင်ပါရှိသည့် အချက်အလက်များမှန်ကန်မှုရှိမရှိ တိုက်ဆိုင်စစ်ဆေးခြင်းတို့ကို အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ခဲ့ကြပြီး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်ရှိ ဆရာ ဆရာမ ၄၀ အား မဲစာရင်းတွင် ပါဝင်ခွင့်ရရှိရေး ပုံစံ (၃-က) ဖြင့် လျှောက်ထားနိုင်ရေးတို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ထန်းတပင်မြို့နယ်အတွင်းမှာ မဲဆန္ဒရှင်စာရင်း တိုက်ဆိုင်စစ်ဆေးတာနဲ့ အသိပညာပေးတာတွေကို ဩဂုတ် ၁၂ ရက်က စတင်ပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတွေနဲ့ စာရေးဝန်ထမ်းတွေ၊ ကျေးရွာတာဝန်ခံတွေ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေနဲ့ ပူးပေါင်းပြီးတော့ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာတွေမှာ လမ်းအလိုက်၊ အိမ်အလိုက် ကွင်းဆင်းစိစစ်ဆောင်ရွက်လျက်ရှိပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းက ပြောသည်။

ဇင်မင်းထိုက်(ထန်းတပင်)

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# ရွေးကောက်ပွဲ

**မိမိတို့ ပြည်သူပြည်သားများ၏ အခွင့်အရေးနှင့် တာဝန်အရ၊ နိုင်ငံ၏ သိက္ခာအရ ရွေးကောက်ပွဲကို အောင်အောင်မြင်မြင်၊ ကျန်းမာရေးအရ လုံလုံခြုံခြုံဖြင့် ကျင်းပနိုင်သည်ကို ပြသလိုပါကြောင်း၊ မိမိတို့ နိုင်ငံသူ နိုင်ငံသားများ၏ အရည်အချင်းသည် ငွေရေးကြေးရေးပေါ်တွင်သာ အခြေခံခြင်းမဟုတ်ဘဲ တာဝန်သိမှု၊ စည်းကမ်းထိန်းသိမ်းမှု၊ နိုင်ငံအပေါ် သစ္စာစောင့်သိမှုအပေါ်တွင်သာ အခြေခံပြီး အောင်မြင်အောင် လုပ်ဆောင်သွားသည်ကို ပြသလိုပါကြောင်း။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၅-၈-၂၀၂၀ ရက်နေ့တွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလအတွင်း ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)



# ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ငါးဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၃၇၄ ဦးရှိပြီ

**နေပြည်တော် ဩဂုတ် ၁၄**

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ငါးဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၇၄ ဦးရှိပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူ ငါးဦးမှာ အမေရိကန်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦး၊ ယူအေအီးနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦးနှင့် အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ သုံးဦးဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၃၇၄ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၂၂ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၁၄ ဦးနှင့် ဩဂုတ် ၁၃ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၁၄ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၀ ရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၃၂၀၀၇ | ၃၇၄ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၃၂၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၇၀၂၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၁၄ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထား၍)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၈၆ | ၅ |
| ၂ | ချင်း | ၁၇ | |
| ၃ | ရခိုင် | ၁၆ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| | စုစုပေါင်း | ၃၇၄ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၄-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၄၁၈၀၄၅ | ၂၈၄၄၂၅၀ | ၁၇၀၄၄၆ |
| ၂။ | ဘရာဇီး | ၃၂၂၉၆၂၁ | ၂၃၅၆၆၄၀ | ၁၀၅၅၆၄ |
| ၃။ | အိန္ဒိယ | ၂၄၈၃၅၆၇ | ၁၇၇၀၆၈၂ | ၄၈၃၆၇ |
| ၄။ | ရုရှား | ၉၁၂၈၂၃ | ၇၂၂၉၆၄ | ၁၅၄၉၈ |
| ၅။ | တောင်အာဖရိက | ၅၇၂၈၆၅ | ၄၃၇၆၁၇ | ၁၁၂၇၀ |
| ၆။ | ပီရူး | ၅၀၇၉၉၆ | ၃၄၈၀၀၆ | ၂၅၆၄၈ |
| ၇။ | မက္ကဆီကို | ၅၀၅၇၅၁ | ၃၄၁၅၀၇ | ၅၅၂၉၃ |
| ၈။ | ကိုလံဘီယာ | ၄၃၃၈၀၅ | ၂၅၀၄၉၄ | ၁၄၁၄၅ |
| ၉။ | ချီလီ | ၃၈၀၀၃၄ | ၃၅၃၁၃၁ | ၁၀၂၉၉ |
| ၁၀။ | စပိန် | ၃၅၅၈၅၆ | စိစစ်ဆဲ | ၂၈၆၀၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၁၅၃၆၆၀ | ၇၁၄၀၅ | ၂၄၄၂ |
| ၂။ | အင်ဒိုနီးရှား | ၁၃၅၁၂၃ | ၈၉၆၁၈ | ၆၀၂၁ |
| ၃။ | စင်ကာပူ | ၅၅၅၈၀ | ၅၀၇၃၆ | ၂၇ |
| ၄။ | မလေးရှား | ၉၁၄၉ | ၈၈၂၈ | ၁၂၅ |
| ၅။ | ထိုင်း | ၃၃၇၆ | ၃၁၇၃ | ၅၈ |
| ၆။ | ဗီယက်နမ် | ၉၂၉ | ၄၃၇ | ၂၁ |
| ၇။ | မြန်မာ | ၃၇၄ | ၃၂၂ | ၆ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၃ | ၂၂၅ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၂ | ၁၃၈ | ၃ |
| ၁၀။ | လာအို | ၂၂ | ၁၉ | ၀ |

## ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများက ကျန်းမာရေး၊ လူမှုကူညီရေး ဝန်ထမ်းများနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်သူများအတွက် အမေရိကန်ဒေါ်လာ တစ်သန်းခန့်တန်ဖိုးရှိ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ၊ နှာခေါင်းစည်းနှင့် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၄**

ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တိုက်ဖျက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သည့်အနေဖြင့် ကျန်းမာရေး၊ လူမှုကူညီရေးဝန်ထမ်းများနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်နေရသူ ၂၆၀၀၀၀ အတွက် အမေရိကန်ဒေါ်လာ တစ်သန်းခန့်တန်ဖိုးရှိတစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ(PPE)၊ နှာခေါင်းစည်းနှင့် အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ သိရသည်။

အဆိုပါ အစီအစဉ်ကို မြန်မာနိုင်ငံလူသားချင်းစာနာမှုရန်ပုံငွေ၏ ဘဏ္ဍာငွေပံ့ပိုးမှုဖြင့် WFP၊ FAO၊ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ Community Partners International၊ BRAC Myanmar နှင့် Health Poverty Action Myanmar တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ တစ်သန်းခန့်တန်ဖိုးရှိသည့် ဝတ်စုံပြည့် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများ၊ N95 နှင့် ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းများ၊ ပိုးမွှားသန့်စင်ရေးပစ္စည်း အမျိုးမျိုးနှင့် ဒစ်ဂျစ်တယ် အပူချိန်တိုင်း ကိရိယာများပါဝင်ကြောင်း သိရသည်။

ယင်းဆောင်ရွက်မှုကို ကချင်၊ ကရင်၊ ရခိုင်၊ ရှမ်းပြည်နယ်တို့နှင့် ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ် ၄၂ မြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုကူညီရေးဝန်ထမ်းများနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်နေကြရသူများအတွက်




တစ်ကိုယ်ရေ ဗိုင်းရပ်စ်ရောဂါပိုးမွှား ကာကွယ်နိုင်စွမ်းကို မြှင့်တင်ပေးရန်ရည်ရွယ်ကာ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အထောက်အကူပြုပစ္စည်းများကို WFP အနေဖြင့် ပြည်တွင်းမှ ဝယ်ယူကာ သယ်ယူပို့ဆောင်ပေးခြင်းဖြစ်ပြီး ယင်းမြို့နယ် ၄၂ မြို့နယ်ရှိပြည်သူ့ကျန်းမာရေး ဆေးရုံများ၊ အသွားအလာစောင့်ကြပ်ကြည့်ရှုရေးစင်တာများ၊ အစိုးရဌာနများ၊ ပြည်တွင်း အကူအညီပေးရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်မှုအနေဖြင့် ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုကူညီရေးဝန်ထမ်းများနှင့် နေရပ်ရွှေ့ပြောင်းနေထိုင်သူ ၉၀၀၀၀ ဝန်းကျင်အတွက် ထောက်ပံ့လှူဒါန်းရာ ကချင်ပြည်နယ် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း WFP ထံမှ သိရသည်။

WFP ၏ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယဌာနေကိုယ်စားလှယ် Mr. Marcus Prior က "ကျန်းမာရေးဝန်ထမ်းတွေ လုံခြုံကျန်းမာသန်စွမ်းမှ ကျွန်တော်တို့တွေအားလုံးလည်း ကျန်းကျန်းမာမာ နေထိုင်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံလူသားချင်းစာနာမှုရန်ပုံငွေအတွက် ထောက်ပံ့ထည့်ဝင်ပေးကြတဲ့ အလှူရှင်တွေကို ကျေးဇူးအထူးတင်ပါတယ်။ WFP အနေနဲ့ အခုလို အရေးတကြီးလိုအပ်နေတဲ့ တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်းတွေကို ကျန်းမာရေးဝန်ထမ်းတွေနဲ့ အကူအညီပေးရေးဝန်ထမ်းတွေရဲ့ လက်ထဲရောက်အောင် ပို့ပေးနိုင်ခဲ့တဲ့အတွက် အထူးဂုဏ်ယူမိပါတယ်။ သူတို့တွေဟာ ကိုရိုနာဗိုင်းရပ်စ်ကို ဆက်လက်ထိန်းချုပ်ထားနိုင်ဖို့နဲ့ အကူအညီလိုအပ်နေတဲ့ မိသားစုတွေဆီ အထောက်အပံ့တွေ ပေးပို့နိုင်ဖို့ မနားတမ်းကြိုးပမ်းဆောင်ရွက်နေကြသူတွေဖြစ်ပါတယ်"ဟု ပြောပြသည်။

အလားတူ WFP အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် နိုင်ငံတကာလေကြောင်းခရီးစဉ်များ ယာယီရပ်ဆိုင်းထားသည့်အတွက် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်နှင့် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ကို အပတ်စဉ် ချိတ်ဆက်ပေးနိုင်မည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လေကြောင်းပျံသန်းမှုအကူအညီ အစီအစဉ်ကို မေ ၁၀ ရက်မှစတင်ကာ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**

**ဓာတ်ပုံ - WFP**

## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က နိုင်ငံတော်အစိုးရအနေနဲ့ ပြည်သူများလူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေရေးအတွက် လူမှုရေး၊ စီးပွားရေးနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ဘက်စုံပြုပြင်ပြောင်းလဲမှု မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများမှာ ရပ်ရွာအခြေပြု၊ ပြည်သူဗဟိုပြု ဆောင်ရွက်ရသည့်အပြင် လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက်



ကော်မတီဝင် သက်ဆိုင်ရာဌာနများ၊ ပညာရှင်များ၏ အကြံဉာဏ်များနှင့် ပူးပေါင်းဆောင်ရွက်မှုအားသည် လုပ်ငန်းများ ထိရောက်အောင်မြင်စေရေးအတွက် များစွာအထောက်အကူဖြစ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် Cash for Work စီမံကိန်း၊ VRFP စီမံကိန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဘတ်ဂျက်လုပ်ငန်းများ (၂၀၂၀-၂၀၂၁)ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ဆွေးနွေးချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရှမ်းပြည်နယ်ဒေသထွက်ကုန် သီးနှံများအား သမဝါယမလမ်းကြောင်းမှ ဖြန့်ဖြူးရောင်းချ

**တောင်ကြီး ဩဂုတ် ၁၄**

ရှမ်းပြည်နယ်အတွင်း ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးခြံထွက် သီးနှံများဖြစ်သည့် ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ အာလူး၊ ကြက်သွန်ဖြူတို့အား ပြည်သူများ စားဝတ်နေရေး အထောက်အကူဖြစ်စေရန်အတွက် သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်၍ ပြည်နယ်သမဝါယမဦးစီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း)(အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ်တို့အနေဖြင့် နေရာအနှံ့ ပို့ဆောင်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ ဒေသထွက်စားသောက်ကုန်များကို သမဝါယမအချင်းချင်း ချိတ်ဆက်ဖြန့်ဖြူးရောင်းချရာတွင် ဩဂုတ် ၁၃ ရက်၌ ရှမ်းပြည်နယ်(တောင်ပိုင်း)(အရှေ့ပိုင်း) သမဝါယမအသင်းစုချုပ်အနေဖြင့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သို့ အာလူးပိဿာချိန် ၃၈၁၀၊ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် သမဝါယမအသင်းစုသို့ အာလူးပိဿာချိန် ၄၀၀၀ စုစုပေါင်း ပိဿာချိန် ၇၈၁၀ အား တင်ပို့ခဲ့သည်။ အဆိုပါ ဒေသထွက်စားသောက်ကုန်သီးနှံများ ဖြန့်ဖြူးရောင်းချရာတွင် သမဝါယမအသင်းများ အကျိုးအမြတ်ရရှိရေးထက် အသင်းသား တောင်သူများ၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)(အရှေ့ပိုင်း)သမဝါယမအသင်းစုချုပ်တို့အနေဖြင့် ယနေ့အချိန်ထိ သမဝါယမအချင်းချင်း ချိတ်ဆက်၍ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများသို့ အာလူး ပိဿာချိန် ၁၆၈၁၀၊ ကြက်သွန်ဖြူပိဿာချိန် ၃၀၃၀ အား သမဝါယမအချင်းချင်း ချိတ်ဆက်၍ ပေးပို့ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း အခြားသော တိုင်းဒေသကြီး/ပြည်နယ်သမဝါယမ အသင်းစုချုပ်များနှင့်လည်း စဉ်ဆက်မပြတ် ချိတ်ဆက်ဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်သမဝါယမဦးစီးဌာနမှ သိရသည်။

**ပြည်နယ်(ပြန် /ဆက်)**

## တနင်္သာရီတိုင်းဒေသကြီး၌ ရေချိုငါးများ ပထမဆုံးအကြိမ် မျိုးစိုက်ထည့်

**သရက်ချောင်း ဩဂုတ် ၁၄**

တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ထားဝယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် သရက်ချောင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သရက်ချောင်းမြို့နယ် ကဇီကျေးရွာ ကိုစိုးနိုင်၏ လယ်စပါးခင်းအတွင်းသို့ ငါးသားပေါက်များ မျိုးစိုက်ထည့်သည့် အခမ်းအနားကျင်းပခဲ့သည်။

ရေချိုငါးများ မျိုးစိုက်ထည့်ခြင်းမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ပထမဆုံးအကြိမ် မျိုးစိုက်ထည့်ခြင်းဖြစ်ပြီး မျိုးစိုက်ထည့်သည့် အခမ်းအနားသို့ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးသံချောင်း၊ ထားဝယ်ခရိုင်ငါးဦးစီးမှူး ဦးစိုးမြင့်သိန်း၊ သရက်ချောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းထွန်း၊ မြို့နယ်ငါးဦးစီးမှူး ဒေါ်သန်းသန်းမြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်မင်း၊ ကဇီ၊ ပိန်းတော၊ ရန်တောင်၊ ကျေးရွာများရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ၊ ဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။ ငါးသားပေါက်များကို သထုံ ငါးလုပ်ငန်းစခန်းမှ ဝယ်ယူခဲ့ပြီး ငါးခုံးမနှင့် ငါးကြင်းရွှေဝါ ငါးသားပေါက်ကောင်ရေ ၃၀၀၀ အား လယ် ၁၅ ဧကစပါးခင်းများသို့ ပထမဆုံးအကြိမ် စမ်းသပ်ထည့်သွင်းမျိုးစိုက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သရက်ချောင်းမြို့နယ်ရှိ ခြေလျင်တပ်ရင်း ၄၀၄ တပ်ငါးကန်ကိုလည်း ငါးမျိုးစိုက်ထည့်ပေးခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ရေချိုငါးစားသုံးမှု နည်းပါးခြင်း၊ ရေချိုငါးမွေးမြူမှု နည်းပါးခြင်းတို့ကြောင့် ဒေသခံပြည်သူများ ရေချိုငါးစားသုံးခြင်း၊ ရေချိုငါးမွေးမြူခြင်းများ စိတ်ဝင်စားမှုရှိလာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ စပါးခင်းအတွင်း ပထမဆုံးအကြိမ် စမ်းသပ်ငါးမျိုးစိုက်ထည့်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပုသိမ်ကြီးမြို့နယ် သမဝါယမဦးစီးဌာနမှ ချေးငွေထုတ်ချေးပေးထားသည့် အသင်းသား တောင်သူများ၏ မိုးစပါးစိုက်ပျိုးမှုအား ကွင်းဆင်းကြည့်ရှု

**မန္တလေး ဩဂုတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမဝါယမဦးစီးဌာနမှ ချေးငွေထုတ်ချေးပေးထားသည့် မန်းတောင်ရိုပ် မျိုးစေ့ထုတ်သမဝါယမ အသင်းဝင်တောင်သူများ၏ မိုးစပါးစိုက်ပျိုးနေမှုအခြေအနေများကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက မနောယျမကျေးရွာအုပ်စု ပဲလှော်ဖိုကျေးရွာ ကွင်းအမှတ်(၄၅၆) တောင်သူ ဦးရန်အေး လယ်မြေ၌ ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ပုသိမ်ကြီးမြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် မန်းတောင်ရိုပ် မျိုးစေ့ထုတ်သမဝါယမအသင်းအား တောင်သူများဖြင့် ဖွဲ့စည်းခဲ့ပြီး၊ အရည်အသွေးကောင်းပြီး၊ အထွက်နှုန်းကောင်းသည့် မျိုးကောင်း မျိုးသန့်များ အသုံးပြုနိုင်ရေးအတွက် မျိုးစေ့ထုတ် သမဝါယမအသင်းသား တောင်သူများ အသုံးပြုနိုင်ရေးအတွက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ၁၈၄ ဧကအတွက် စုစုပေါင်း ငွေကျပ် ၅၅၂ သိန်းအား ထုတ်ချေးထားရှိကြောင်း မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဒေါ်သီတာစိုးထံမှ သိရသည်။

အဆိုပါဌာနမှ အသင်းသား တောင်သူများ လိုအပ်လျက်ရှိသော စိုက်ပျိုးစရိတ် ချေးငွေများ၊ လယ်ယာသုံး စက်ကိရိယာများအား အရစ်ကျစနစ်ဖြင့် ရောင်းချပေးခြင်း၊ လယ်ယာမြေ ပြုပြင်ခြင်းလုပ်ငန်းများအတွက် ပံ့ပိုးချေးငွေများ၊ မျိုးစေ့ထုတ် သမဝါယမအသင်းများအတွက် ပံ့ပိုးချေးငွေများနှင့် အခြေခံလူတန်းစားများအတွက် အသေးစားအရင်းအနှီး ပံ့ပိုးချေးငွေများအား မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ အစီအစဉ်ဖြင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၊ မြို့နယ်သမဝါယမအသင်းစုများဖြင့် ချိတ်ဆက်ကာ ပံ့ပိုးချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရှေ့နေနှင့် ကရွတ်ခွေ

ဦးဟန်ညွန့် (ဥပဒေ)

**ရေအိုးအောက်က ကရွတ်။ ရေအိုး အောက်ကဆိုတော့ ထမင်းရည်အိုးလိုတော့ မပူ။ အေးချမ်းပါသည်။ ဒါပေမယ့် တစ်နေ့တော့ တခြားသော ကရွတ်ခွေများလို ဆွေးမြည့်ရပါဦးမည်။ မြေကြီးပေါ်တွင် ဒီကရွတ်ခွေ အဆွေးနှစ်ခု စွန့်ပစ်ခံရတော့ကော ဘာမှ ထူးခြားလှသည်မဟုတ်။ မကြာခင် အမှိုက်၊ မြေမှုန့်တို့နှင့် ရောသွားမည်ပင် . . .**

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် ကရွတ်ခွေပါတဲ့"

"ဗျာ... ဘယ်လိုအဓိပ္ပာယ်လဲဆရာ "

"ကရွတ်(ခွေ)ဆိုတာ အိုးအောက်ခံအခွေလို့ မြန်မာအဘိဓာန် (၂၀၀၈)၊ စာမျက်နှာ ၅ မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဆရာမကြီးဒေါ်(ခင်နှင်းယု)ရဲ့ ကရွတ်ခွေဆိုတဲ့ ဝတ္ထုတိုများစာအုပ်ကို ဖတ်ကြည့်ရင် ပိုပြီးရှင်းသွားပါလိမ့်မယ်။ အဖွဲ့အနွဲ့အကြောင်း ဆရာမကြီးရဲ့ ရသစာပေမှာ ရှာဖွေကြည့်ကြပါစို့။ "

"စိတ်ဝင်စားပါတယ် ဆရာ"

"ကိုင်း.. ဒါဖြင့် ဖတ်ကြည့်ကြစို့"

**မာတိကာ**

ဆရာမကြီးဒေါ်(ခင်နှင်းယု) ရေးသားသည့် ကရွတ်ခွေ ဝတ္ထုတိုများစာအုပ်တွင် အောက်ပါဝတ္ထုတိုများ ပါဝင်သည်။ မလွမ်းသာ၊ လိုက်လို့သာအကြောင်းကြားချင်သည်၊ ကိုထွန်းမောင်၊ (၄) ဘွားအိုဇာ၏ ဆေးကြိမ်လုံး၊ ဩော်... ဖဆပလ၊ မျက်ရည်၊ ထမင်း၊ အရက်၊ ကရွတ်ခွေ၊ ဂြိုလ်ကရယ်သည်၊ ထမင်းကပင် ပေါ၍နေသလား၊ ရေနွေးအိတ်တစ်လုံး၊ ကလေးလိုပဲ တွေးချင်တယ်၊ ကျွန်မတို့အမျိုး၊ တစ်ညငရဲနှင့် ဦးကျော်၊ ကျွန်တော်အလှည့်နှင့်မှန်သော အမှားစသည့် ဝတ္ထုတို (၁၅)ပုဒ်ပါဝင်သည်။

ထို့ပြင် လူ့စိတ်၊ ကန္တာရွှေအောက်၊ တော၏သံဝေ၊ ခန္ဓာနှင့်ဝိညာဉ်၊ ပွဲတွေ့အလွမ်း စသည့် စာပဒေသာကဗျာ ၅ ပုဒ်လည်းပါဝင်သည်။ စိတ်ကူးချိုချို အနုပညာစာပေတိုက်က ၂၀၁၉ ခုနှစ်တွင် ပထမအကြိမ်အဖြစ် ထပ်မံရှာဖွေစုစည်းခြင်း (၁) အဖြစ် ထုတ်ဝေသည်။

**ကရွတ်ခွေ**

စာအုပ်အမည် ကရွတ်ခွေအကြောင်း ဦးစွာတင်ပြပါရစေ။

ကရွတ်ခွေဆိုတာဘာလဲ။ ကရွတ်ခွေဆိုတာ အိုးအောက်ခံအခွေလို့ မြန်မာအဘိဓာန်ကဖွင့်ဆိုခဲ့ပြီး ဖြစ်ပါသည်။ ဆရာမကြီး ဒေါ်ခင်နှင်းယုကတော့ ကျန်းမာရေးမကောင်းသော ဒေါ်မေမေခင်အဖြစ် သရုပ်ဆောင်၍ ရေးပြထားသည်။ ဒေါ်မေမေခင်သည် ဆေးရုံတက်ပြီး ရောဂါနှင့်ပတ်သက်၍ ကြောက်ရွံ့ပုံကို ရေးသားထားသည်။

"အန်တီ သိပ်သတ္တိကောင်းတာပဲ" ဟု ဆရာဝန်ကြီးက ဆိုသည်။ သူသည် မေ့ဆေးပြယ်စ မျက်လုံးကို အားယူဖွင့်ချိန်တွင် ဆရာဝန်ကြီး၏ ချီးကျူးသံကို ကြားရသည်။ ဆရာဝန်ကြီး၏ မျက်နှာသည် မလှသော်လည်း ချိုပြုံး၍ ကြည်လင်သည်။ တောက်ပသောမျက်လုံးများက လူနာကို အားတက်စေသည် (စာ-၁၆၈) ဟု ရေးသည်။

**ဘဝဆိုတာ ကရွတ်ခွေပဲပေါ့**

တကယ်တော့ ဘာမှတွေးနေစရာမလို။ ဘဝဆိုတာ ကရွတ်ခွေပဲပေါ့။ အရှေ့ အမေမှာလည်း ဘဝနှင့်ပဲ။ အမေ့ဘဝက ထမင်းရည်အိုးအောက်က ကောက်ရိုးကရွတ်ခွေ။ ပူလိုက်မည်ဖြစ်ခြင်း။ ဒီလိုနှင့် ဒီကရွတ်ခွေကလေး ဆွေးရပေသည်။

သူကကော ရေအိုးအောက်က ကရွတ်။ ရေအိုး အောက်ကဆိုတော့ ထမင်းရည်အိုးလိုတော့ မပူ။ အေးချမ်းပါသည်။ ဒါပေမယ့် တစ်နေ့တော့ တခြားသော ကရွတ်ခွေများလို ဆွေးမြည့်ရပါဦးမည်။ မြေကြီးပေါ်တွင် ဒီကရွတ်ခွေ အဆွေးနှစ်ခု စွန့်ပစ်ခံရတော့ကော ဘာမှ ထူးခြားလှသည်မဟုတ်။ မကြာခင် အမှိုက်၊ မြေမှုန့်တို့နှင့် ရောသွားမည်ပင်ဟု (စာ-၁၇၇) တွင်ရေးသည်။

**မလွမ်းသာ**

စာရေးဆရာမကြီး ခင်နှင်းယုက မလွမ်းသာဝတ္ထုတွင် အောက်ပါအတိုင်းရေးခဲ့သည်။

ပထမဆုံး မိုးတစ်ပြိုက်ရွာချိန်ကို ကျွန်မ အလွန်ပင် နှစ်သိမ့်ပျော်ရွှင်တတ်၏။ လူလားမမြောက်ခင်ကပင် မိုးဦးကို မျှော်တတ်၏။ မိုးကျချိန်ကို တမ်းတတတ်သည်။ မိုးစက်မိုးမှုန်လေးများမှာ ခုန်ပေါက်ပြေးလွှားကာ ပန်းငုံဖူးတို့ကို လှုပ်နှိုးလိုက်သယောင် ကျွန်မရင်ထဲတွင် ထင်မိပေသည်။ စိမ်းမြမြသစ်ရွက်များအလယ်တွင် ချစ်စဖွယ်ပွင့်အာလာသော ပန်းဝတ်လွှာများကို မြင်ရတိုင်း ကျွန်မစိတ်များသည် တက်ကြွလာတတ်သည်။ မိုးစက်လေးများကိုပင် တောအနှံ့တောင်အနှံ့ ပြေးလွှားလိုက်ချင်၏။ ဖြူနုကြွရွသော ဝတ်လွှာကိုလှစ်ကာ မိုးစက်ကိုကြိုသော ပန်းပွင့်လေးများအား နှုတ်ဆက်တွေ့ထိ နမ်းရှုပ်လိုက်ချင်သည်ဟုစာဖွဲ့ပုံကို ဂရုပြုမိသည်။ ဆရာမကြီး၏ အရေးအသားက နုရွလှပနေလေသည်။

**မိုးစက်လေးများနှင့်အချစ်**

မိုးစက်လေးများ၏ ဘဝတစ်ခဏလိုပင် သူနှင့်ကျွန်မသည် ဤတောင်တန်းငယ်တစ်ကွေ့ဝယ် တွေ့ခဲ့ကြ၏။ မိုးစက်များကမှု ရွှေ့လျှောကျ၍ မြေတွင် ပျောက်ကွယ်ခဲ့သော်လည်း ကျွန်မအသည်းနှလုံးတွင် ထင်ခဲ့သော အချစ်နာမူ ယခုတိုင် မပျောက်ပျက်သေးပေ။ (စာ-၁၉)

ဩော်

ချစ်... ချစ်ပြန်တော့လည်း သူကစ ချစ်ဟန်ရေးပါသည်။

မုန်း. . . မုန်းပြန်တော့လည်း သူကစ မုန်းဟန်တေးလွှာသီ။

ကျွန်မမှာမူ ပလက်ဖောင်းပေါ်တွင် ရပ်နေမြဲဖြစ်သော်လည်း သူကား တရွေ့ရွေ့ သွားရဆဲပင် ဖြစ်၏။

ဩော်--- ကြင်ပါလျက်လည်း မလွမ်းသာပါတကား။(စာ-၇၄) ဟုရေးသားထားသည်မှာ လွမ်းမောဖွယ်ရာ--------။

**မျက်ရည်၊ ထမင်း၊ အရက်နှင့် ရွှေစည်းခုံကျောက်စာ**

ချစ်သူအပေါင်းမှ ကွဲကွာသောသူတို့၏ မျက်ရည်ကို အကျိုးစီးပွား ထွက်မြောက်ခြင်းဖြင့် လက်နှင့်တူသော မေတ္တာစိတ်ဖြင့် ဂြိုတြိဘုဝနာဒိကျ ဓမ္မရာဇမင်းသည် သုတ်ပစ်မည်။ စိတ်နှလုံး ပူဆွေးသူတို့၏ နှပ်ရည်ကို အကျိုးစီးပွားထွက်မြောက်ခြင်းဖြင့် ရေနှင့်တူသော ကရုဏာဖြင့် ဆေးကြောပစ်မည်။ ဂြိုတြိဘုဝနာဒိကျ ဓမ္မရာဇမင်းသည် လက်ယာလက်ဖြင့် ပြည်သူအပေါင်းအား ထမင်းမုန့်ပေးမည်။ လက်ဝဲလက်ဖြင့် လူအပေါင်းအား ပစ္စည်းဥစ္စာ၊ အဝတ်ပုဆိုးပေးမည်။ ပြည်သူအပေါင်းသည် အမိရင်ခွင်ရှိ သားကဲ့သို့(ရှိကြမည်) ဤသို့ ဂြိုတြိဘုဝနာဒိကျ ဓမ္မရာဇမင်းသည် အကျိုးစီးပွားဖြင့် စောင့်ထိန်းမည် (စာ-၁၅၄)ဟု အစချီကာ မျက်ရည်၊ ထမင်း၊ အရက် ဝတ္ထုတိုကို ဖန်တီးရေးသားထားပါသည်။ လက်တွေ့ဘဝနှင့် သမိုင်းစဉ်ကို နှိုင်းယှဉ်သည့်သဘောပါပဲ။ ရင်ထဲစွဲနေသော စာစုများပါ။

**ဆရာမကြီး ခင်နှင်းယု၏မေးခွန်း**

ကိုယဉ်မောင်လို ဗာရာဏသီသူဌေးသားကို ကျွန်မ တွေ့ပါလျှင် သူ့အား--


မျက်ရည်ကိုပင် သုတ်ပေးရမည်လော။

ထမင်းကိုပင် ခွံ့ရမည်လော။

အရက်ကိုပင် တိုက်ရမည်လော။ (စာ-၁၆၇) ဟုမေးခွန်းမေးထားသည်။ မျက်ရည်၊ ထမင်း၊ အရက်ဝတ္ထုတို၏ မေးခွန်းများကို စာဖတ်သူများက စိတ်ကြိုက်အဖြေပေးနိုင်ပေသည်။

**အတွင်းရေး အတွင်းဝန်**

၁၉၄၈ တွင် ဝန်ကြီးချုပ် ဦးနု၏ အတွင်းရေး အတွင်းဝန်အဖြစ် စတင်လုပ်ကိုင်ခဲ့သော စာရေးဆရာမကြီး




ခင်နှင်းယုသည် ဖဆပလအကြောင်း ကောင်းစွာသိသည်။ ဝန်ကြီးချုပ်၏ တာဝန်အကြောင်း ကောင်းစွာသိသည်။ သတင်းနှင့် ဝါဒဖြန့်ချိရေးအကြောင်း ကောင်းစွာသိသည်။ ဘာကြောင့် ဤသို့ပြောနိုင်ပါသလဲ။ ဆရာမကြီးရေးသည့် ဩော်------။ ဖဆပလဝတ္ထုတိုကို ဖတ်ကြည့်ပါ။ အဖြေပေါ်ပါလိမ့်မည်ဟု ကျွန်တော်ထင်သည်။

ဩော် . . . ဖဆပလ

ဖဆပလအဆောက်အအုံကြီး၏ အငွေ့အသက်က တစ်စုံတစ်ရာတုံ့ပြန်မှုရှိသလို မရွှေစင်ရင်ထဲတွင် ခံစားလိုက်ရ၏။ သို့သော် ထိုခံစားမှုဝေဒနာလေးသည် ကြေကွဲဆွေးမြည့်ခြင်းပေပဲလား၊ ဝမ်းမြောက်ကြည်နူးခြင်းပဲလား၊ မကျေမနပ်ခြင်းပဲလားဟူ၍ မသဲကွဲပေ။

သူရုံးထိုင်ခဲ့ရသော ဖဆပလဝါဒဖြန့်ချိရေးနှင့် ပြန်ကြားရေးရုံးဌာန ရုံးခန်းကို မရွှေစင်သည် တံခါးကြားမှ လှမ်း၍ ကြည့်လိုက်၏။ ထိုရုံးခန်းသည် ဖဆပလကို ဝင်ဝင်ချင်း ဘယ်ဘက်ခန်းဖြစ်ပေသည်။ ရုံးခန်းတစ်ခုလုံးတွင် ရွေးကောက်ပွဲတုန်းက အသုံးပြုခဲ့သော စာရွက်စာတမ်းတို့နှင့် ပြည့်နှက်စုပုံလျက်ရှိပေသည်။ သူသည် အခန်းထဲသို့ ဝင်၍ရပ်လိုက်၏။ စက္ကူနံ့၊ ဖုန်နံ့တို့မှာ ရောထွေး၍ နှာခေါင်းထဲသို့ ဝင်လာကြသည်။

ဦးတင်မောင်ကြီး၊ ဦးသန့်၊ ဦးထွန်းအုံ၊ ဦးလှဒင်၊ ဗိုလ်အေးမောင်...သူတို့သည် ဖဆပလ ဝါဒဖြန့်ချိရေးမှူးများအဖြစ် တစ်ယောက်ပြီးတစ်ယောက် ဆောင်ရွက်ခဲ့ကြ၏။ သူတို့ထံမှ မရွှေစင်သည် ပညာရပ်တို့ကို သင်ယူခဲ့ရပါ၏။ "လောကဆိုသည်မှာ ဤသို့ပါတကား" ဟူ၍ သိရှိခဲ့ရသော အချိန်ဖြစ်ပေသည်။ (စာ-၁၂၃) ဟု လောကကြီးအကြောင်း ရေးထားပေသည်။ ကျန်သော ဝတ္ထုများကိုတော့ စာချစ်သူများ ဆက်လက်ရှာဖွေ ဖတ်ကြည့်စေချင်ပါသည်။

**နိဂုံး**

စာရေးဆရာမကြီး ဒေါ်(ခင်နှင်းယု)(၁၉၃၅-၂၀၀၃) ၏ ကရွတ်ခွေအပါအဝင် ကျော်ကြားလှသည့် မွေး၊ ယောကျ်ားတို့အကြောင်း၊ ပန်းပန်လျက်ပါ၊ ထိပ်စုဖုရားမဗျိုင်း၊ လမင်းကြီးသာစမ်းပါ၊ သပြေ၊ သခွတ်ပန်း၊ အောင်မြင်သောနေ့၊ ယဉ်မင်းပိုက်၊ ရေချိုတွင်း အစရှိသော စွဲမက်ဖွယ်ဝတ္ထုတိုရှည်ပေါင်းများစွာတို့ကို ခြယ်သရေးဖွဲ့ခဲ့သူ၊ အတွေးရဲရဲ သတ္တိခဲ စာဆိုကြီးအား ယနေ့တိုင် ကြေးမုံ စာချစ်ပရိသတ်များက မမေ့နိုင်သတိရဆဲဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

---

## သီပေါမြို့နယ် စာရေးဆရာအသင်းဝင်များက ဆန်၊ ဆီ၊ ဆေးဝါးနှင့် နှာခေါင်းစည်းများ လှူဒါန်း

**သီပေါ ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒေါက်တာဘဒ္ဒန္တပုညနန္ဒက သီပေါမြို့နယ် စာရေးဆရာအသင်းဝင်များအတွက် ကူညီထောက်ပံ့ခဲ့သည့် ဆန်၊ ဆီ၊ တိုင်းရင်းဆေးဝါးများနှင့် နှာခေါင်းစည်းတို့ကို ကိုဗစ်-၁၉ ကာလအတွင်း လိုအပ်လျက်ရှိသည့် သီပေါမြို့ နန်းဦးစေတီဘုရားပရိယတ္တိစာသင်တိုက်မှ စာသင်သားရဟန်းသာမဏေများအတွက် မြို့နယ်စာရေးဆရာ အသင်းဝင်များက ဆရာတော်ဘဒ္ဒန္တကဥ္စနထံ ယနေ့နံနက်ပိုင်းက ပြန်လည် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သီပေါကိုလတ်**

## ကျိုက်ထိုမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းဖွင့်

**ကျိုက်ထို ဩဂုတ် ၁၄**

ကျေးလက်နေ အမျိုးသမီးငယ်များအတွက် မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် အသိပညာဗဟုသုတများ တိုးတက်စေရန်ရည်ရွယ်၍ ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ကျူချောင်ကျေးရွာအုပ်စု စကကျေးရွာတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ အပ်ချုပ်စက်သင်တန်း ဖွင့်ပွဲကို ဩဂုတ် ၁၀ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက သင်တန်းတက်ရောက်သည့် သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။ ထိုသင်တန်းတွင် သင်တန်းသူ ၂၀ ဖြင့် သင်တန်းကာလ ရက် ၃၀ ကြာဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

**ကြေးမုံ**

# အစိုးရ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ UPDJC အတွင်းရေးမှူးများနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၁၄

အစိုးရ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အတွင်းရေးမှူးများနှင့် နိုင်ငံရေးပါတီအစုအဖွဲ့မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Centre–NRPC) ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မကြာမီကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစု ပင်လုံ စတုတ္ထအစည်းအဝေး၌ ထည့်သွင်းချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)တွင် ပါဝင်သည့် သဘောတူညီချက်များကို အစိုးရနှင့် NCA–S EAO မှ UPDJC ကိုယ်စားလှယ်များက ရှင်းလင်းပြောကြားကြပြီး နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းကြရာ အစိုးရနှင့် NCA–S EAO၊ UPDJC အတွင်းရေးမှူးများက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ အစိုးရအစုအဖွဲ့မှ UPDJC ကိုယ်စားလှယ်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း)၊ ဦးပြုံးချို(ခ) ဦးဌေးဝင်းအောင်၊ ဦးလှမောင်ရွှေနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး၊ NCA–S EAO အစုအဖွဲ့မှ UPDJC ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမျိုးဝင်း (ABSDF)၊ စောမြရာဇာလင်း (ALP)၊ နိုင်အောင်မငေး (NMSP) နှင့် ခွန်မြင့်ထွန်း (PNU)၊ နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးသုဝေ (ဒီမိုကရက်တစ်ပါတီ–မြန်မာ)၊ ဦးနိုင်ငံလင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ဦးမြင့်စိုး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)၊ စိုင်းကျော်ညွန့် (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ တာလှဖေ (တအာင်း(ပလောင်) အမျိုးသားပါတီ)၊ ဦးသိန်းထွန်း (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)၊ ဦးအောင်ကြည်ညွန့် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ဒေါက်တာအောင်မြတ်ဦး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ ဦးဦးလှစော (ရခိုင်အမျိုးသားပါတီ)၊ ဦးခွန်ထွန်းရွှေ (ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ)၊ ဦးရွှေမင်း (လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ))၊ ဒေါက်တာတူးဂျာ (ကချင်ပြည်နယ်ပြည်သူ့ပါတီ)၊ ဒေါ်ရင်ရင်မေ (ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ)၊ ဦးစောထွန်းအောင်မြင့် (ကရင်ပြည်သူ့ပါတီ)၊ ဦးဆိုင်နပ် ('ဝ'အမျိုးသား ပါတီ)၊ စိုင်းနိုင်နိုင်ထွေး (ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ)၊ နန်းခင်စိန်မြင့် (တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေး ပါတီ)၊ ဒေါ်အေးသီတာမြင့် (လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ)၊ ဦးစိုင်းဘိုးအောင် (ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ)၊ ဦးငိုင်ဆာ့ခ် (ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) နှင့် ဦးထွန်းအောင် (အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ)တို့ တက်ရောက်ကြသည်။

**မျိုးဟန်စိုး**

# အင်းစိန်မြို့နယ်၌ မဲစာရင်းမှန်ကန်စေရေး အိမ်တိုင်ရာရောက် လိုက်လံဆောင်ရွက်ပေး

ရန်ကုန် ဩဂုတ် ၁၄

အင်းစိန်မြို့နယ်တွင် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရေး၊ အင်းစိန်မြို့နယ် (၂၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ၂၁ ရက်ကြာ မဲဆန္ဒရှင်များ၏ အမည်စာရင်းများကို ထုတ်ပြန်ကြေညာထားရှိသည်။ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းများကို လာရောက်ကြည့်ရှုကြပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်လျက်ရှိကြသည့်အပြင် မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းတွင် မကျန်ရှိစေရေး၊ မဲစာရင်းမှန်ကန်စေရေး၊ အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ လမ်းများတွင် တစ်အိမ်ဝင် တစ်အိမ်ထွက် လိုက်လံစစ်ဆေးခြင်းများကို ယနေ့ နံနက်ပိုင်းမှစတင်၍ တာဝန်ရှိသူများက အုပ်စုခွဲ၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ တစ်ရပ်ကွက်ချင်း၊ တစ်လမ်းချင်း၊ တစ်အိမ်ဝင်တစ်အိမ်ထွက် လိုက်လံစစ်ဆေးဆောင်ရွက်ရာတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများဦးဆောင်၍ (၂၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာရေးများ၊ အုပ်ချုပ်ရေးအဖွဲ့ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးများဖြင့် ဆောင်ရွက်ကြရာ မဲစာရင်းများ၌ မိမိအမည် မပါဝင်ပါက ပုံစံ(၃) ဖြင့်၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်လွှာ တင်သွင်းခြင်းများနှင့် မဲစာရင်းတွင် အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄–က) တို့ဖြင့် ပြင်ဆင်လွှာ တင်သွင်းခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့ကြရာ ညနေ ၅ နာရီအထိ လိုက်လံစစ်ဆေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဉာဏ်ဟိန်း**





# မြဝတီမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

မြဝတီ ဩဂုတ် ၁၄

ကရင်ပြည်နယ် မြဝတီမြို့၌ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲအဆင်ပြေချောမွေ့စွာပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းကို အထူးအစီအစဉ်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ မြဝတီမြို့ ကော့ကော်ကျေးရွာ၌ ဩဂုတ် ၁၃ ရက်မှ ၁၄ ရက်အထိ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကွင်းဆင်းဆောင်ရွက်ပေးရာမှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြဝတီခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေ၊ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအက်စ်လင်းရောင်နှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်သည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာအနေဖြင့် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း ဆောင်ရွက်ပေးခြင်းမှာ ပင်မတာဝန်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲကို အဆင်ပြေချောမွေ့စွာပေးနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းမှာပါပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးတဲ့သူတွေကို အခုလို အထူးအစီအစဉ်အဖြစ် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြဝတီခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေထံမှ သိရသည်။

မြဝတီမြို့နယ်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးနိုင်ရေးအတွက် အဖွဲ့ သုံးဖွဲ့ခွဲပြီး ရပ်ကွက်နှင့်ကျေးရွာများကို တစ်ပြိုင်နက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မဲစာရင်းသွားရောက်ကြည့်ရှုရန် ဖျော်ဖြေရေးကားဖြင့် လှိုင်သာယာမြို့နယ်၌ လှည့်လည်အသိပညာပေး

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၌ မဲစာရင်းသွားရောက်ကြည့်ရှု စစ်ဆေးကြရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ များ၊ လူမှုပရဟိတအသင်းအဖွဲ့များ ပူးပေါင်းကာ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၄ ရက်အထိ စုစုပေါင်း ၂၁ ရက်ကြာ မြို့နယ်အတွင်းရှိ ရပ်ကွက် /ကျေးရွာများတွင် အသိပညာပေး ဖျော်ဖြေရေးကားဖြင့် လှည့်လည်နှိုးဆော်ခဲ့ကြသည်။

ထိုသို့လှည့်လည်နှိုးဆော်ရာတွင် မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် မဲပေးခွင့်ရှိသူတိုင်း မဲပေးနိုင်ရေးအတွက် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းအား လာရောက်ကြည့်ရှုစစ်ဆေးပြီး မိမိအမည်မဲစာရင်းတွင်မပါဝင်လျှင် ပုံစံ(၃)ဖြင့် အမည်စာရင်း ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့်ကန့်ကွက်ခြင်း၊ အချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄–က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ လိုအပ်သည့်ပုံစံများအား သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်မည်ဖြစ်ပြီး ဖြည့်စွက်၊ ပယ်ဖျက်၊ ပြင်ဆင်ခြင်းများဆောင်ရွက်ပြီးစီးပါက ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် နောက်ဆုံးအကြိမ် ထပ်မံကပ်ထားကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**မြသန္တာဝင်း(ပြန်/ဆက်)**




**COVID- 19 ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## ဒေါ်မြင့်မြင့်အေး (ထားဝယ်) (၈၉) နှစ်
**စန္ဒာမျက်မှန်ဆိုင်**

ထားဝယ်မြို့၊ ရှမ္ဘလည်ဆွဲရပ်၊ အာဇာနည်လမ်း၊ အမှတ်(၂)နေ (ဦးစိန်ဖေ-ဒေါ်စောတင်)တို့၏သမီး၊ (ဦးဘအင်စွမ်-ဒေါ်စောမြိုင်)၊ (ဒေါ်ကျင်လွမ်)တို့၏ညီမ၊ [ဦးမောင်မောင်ညွှန့် (စန္ဒာမျက်မှန်)]၏ဇနီး၊ ဦးဝင်းဇော်နိုင်၊ ဒေါ်မြမြဇင်၊ ဦးတင်ဦး-ဒေါ်မေနန်းဇင်တို့၏မွေးသမိခင်၊ မခိုင်သဇ္ဇာဦး၊ ဒေါက်တာ ဘုန်းကျော်စွာဦး၊ မောင်မြတ်သီဟဦးတို့၏ အဘွား ဒေါ်မြင့်မြင့်အေးသည် ၁၄-၈-၂၀၂၀ (သောကြာနေ့)နံနက် ၂:၃၀နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဆရာကြီးဦးစိုးတင့် (ပြင်ဦးလွင်)
**နာယကဆရာကြီး၊ မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်**

## အသက်(၈၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်းသွယ်(၆)၊ တိုက်(၄၉)၊ အခန်း(၂)နေ ဒေါ်သိန်းသိန်း၏ ခင်ပွန်း၊ ဦးသိန်းစိုး(ယုဇနဟိုတယ်-ငွေဆောင်)-မမိုးမိုး၊ ရဲမှူးချုပ်မြင့်ထူး-ဒေါ်ချိုနွယ်ဦး၊ ဒေါ်မာလာဦး(စာကြည့်တိုက်မှူး)တို့၏ ချစ်လှစွာသောဖခင်သည် ၁၃-၈-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့်အလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံကရာတေးအဖွဲ့ချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်ကြည် (ဖျောက်ဆိတ်ကုန်းရွာ)
## အသက်(၈၄)နှစ်

United Eleven Company ၏ Director တစ်ဦးဖြစ်သူ ဦးချိုမြင့်-ဒေါ်ကြွယ်ကြွယ်စိမ်းတို့၏ မိခင်ကြီး ဒေါ်ခင်ကြည်သည် ၁၃-၈-၂၀၂၀ (ကြာသပတေးနေ့)တွင် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဖျောက်ဆိတ်ကုန်းရွာ နေအိမ်၌ ဘဝတစ်ပါးသို့ ကူးပြောင်းရောက်ရှိသွားကြောင်း ကြားသိရသည့် အတွက်ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း၊ ကောင်းရာသုဂတိသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**UNITED ELEVEN မိသားစု**
**United Eleven Co.,Ltd**

## ဝမ်းနည်းကြေကွဲရပါကြောင်း
## ဒေါ်ရှုဝါး (ဖြူးမြို့)
**ဆုမြတ်ရတနာရွှေဆိုင်၊ ဖြူးမြို့**
## အသက်(၇၉)နှစ်

သူငယ်ချင်း သန်းသန်းနွယ် (ခ)နွယ်လေး၏ မိခင်ကြီး ဒေါ်ရှုဝါး အသက် (၇၉)နှစ်သည် ၁၁-၈-၂၀၂၀ ရက် (အင်္ဂါနေ့)တွင် ဖြူးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**LL.B (1996 ဘွဲ့ရ) Yangon University**
**မှ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲရပါကြောင်း
## ဒုရဲမှူးလှဝင်း (ငြိမ်း) (ကြို့ပင်ကောက်)
## အသက် (၇၀)

သူငယ်ချင်း ကိုအေးမင်း-မသန္တာဝင်းတို့၏ ဖခင်ကြီး ဒုရဲမှူးလှဝင်း (ငြိမ်း) အသက် (၇၀)သည် ၁၃-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ကြို့ပင်ကောက်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**LL.B (1996 ဘွဲ့ရ) Yangon University**
**မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၊ အင်္ဂလိပ်စာဌာနမှ ဌာနမှူးတီချယ်ဒေါ်ခင်ထားဦးသည် ၁၃-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၀:၁၈ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အင်္ဂလိပ်စာဌာနမှ ဆရာ၊ ဆရာမများ**
**ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ကြည်
## အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ အောင်မင်းခေါင်၊အမှတ်(၁၉)နေ (ဦးကြွယ်-ဒေါ်မကြီး)တို့၏ သမီး၊ (ဦးပု-ဒေါ်စောရင်)တို့၏ သမီးချွေးမ၊ (ဦးထွန်းမောင်)၏ ဇနီး၊ ဒေါ်လှလှ (လူမှုဝန်ထမ်းဦးစီးဌာန-ငြိမ်း)၊ ဦးညွှန့်ဦး-ဒေါ်ဝင်းမာအေး၊ ဦးမျိုးမြင့်-ဒေါ်ဝင်းဝင်းနုတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၃-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၈-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးငွေထွန်း
## အသက်(၇၂)နှစ်

ဘိုကလေးမြို့နေ [ဦးလှမောင်-ဒေါ်နွဲ့ရီ (ဆင်မမကြီးဆေးလိပ်ခုံ)] တို့၏ သားငယ်၊ (ဦးဝင်းမောင်-ဒေါ်ခင်မြင့်)တို့၏ သားသမက်၊ ဦးကျော်စိုး-ဒေါ်မြမြဝင်း (ဆင်မမကြီးဆေးလိပ်ခုံ)တို့၏ ညီ၊ (ဒေါ်ခင်ဆွေဝင်း)၏ ခင်ပွန်း၊ ဦးကျော်မင်းသူ-ဒေါ်နီနီအောင်၊ ဦးဝဏ္ဏ-ဒေါ်ဆွေသူဇာထွန်း၊ ဦးစိုင်းနော်ခမ်း-ဒေါ်ယဉ်ရှုပါထွန်း၊ မောင်မြတ်သူတို့၏ မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးသည် ၁၃-၈-၂၀၂၀ ရက်နေ့တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၂၀(ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် အမှတ်(၄/ဒီ)၊ မြရိပ်ကွန်ဒို၊ ဇေယျာသီရိလမ်းသွယ်၊ အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ငြိမ်းမြ
## အသက်(၉၁)နှစ်

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဒုတိယအထွေထွေအတွင်းရေးမှူး(Support Services) ဒေါက်တာတင်ထွန်းအောင်-ဒေါ်အေးအေးမာတို့၏ မွေးသမိခင် ကျေးဇူးရှင်ဖြစ်သူ ဒေါ်ငြိမ်းမြ အသက်(၉၁)နှစ်သည် ၁၃-၈-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၆:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးတင့် (၈၉) နှစ်
**မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်နာယကကြီး**
**တပ်မတော်(ရေ)၊ ကုန်သွယ်ရေး (ငြိမ်း)**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ တိုက်(၄၆)၊ အခန်း(၂)နေ ရဲမှူးချုပ်မြင့်ထူး-ဒေါ်ချိုနွယ်ဦးတို့၏ ချစ်လှစွာသောမွေးသဖခင် ဦးစိုးတင့် အသက် (၈၉) နှစ်သည် ၁၃-၈-၂၀၂၀ ရက်တွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲမှူးရုံး၊ အမှတ်(၆) တပ်ဖွဲ့စု၊ အမှတ်(၁၉) တပ်ဖွဲ့စုနှင့် ကလေးသူငယ်တပ်ဖွဲ့စု(ရန်ကုန်)မှ တပ်ဖွဲ့ဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးတင့် (၈၉) နှစ်
**မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်နာယကကြီး**
**တပ်မတော်(ရေ)၊ ကုန်သွယ်ရေး (ငြိမ်း)**


ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉) ရပ်ကွက်၊ တိုက်(၄၆)၊ အခန်း(၂)နေ ရဲမှူးချုပ်မြင့်ထူး-ဒေါ်ချိုနွယ်ဦးတို့၏ချစ်လှစွာသောမွေးသဖခင် ဦးစိုးတင့် အသက် (၈၉) နှစ်သည် ၁၃-၈-၂၀၂၀ ရက်တွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ခွဲမှူးရုံးနှင့် တပ်ဖွဲ့စု/တပ်ဖွဲ့စိတ်များမှ တပ်ဖွဲ့ဝင်များ**

facebook

## အကြမ်းမဖက်ရ၊ မခြိမ်းခြောက်ရ

**လုံခြုံရေးသည် ကျွန်ုပ်တို့ Facebook ၏ အဓိကဦးစားပေးတာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်နိုင်သည်ဟု ယူဆရသော အကြောင်းအရာကို ဖယ်ရှားပြီး လိုအပ်ပါက သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။**



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

## အနိစ္စ

**သုဝဏ္ဏဘူမိ-သထုံအသင်း (ရန်ကုန်)**
**ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း၊ ဂန္ဓကုဋိတိုက် ဒါယိကာမကြီး**

## ဒေါ်အေးသန်း
## အသက် (၈၁) နှစ်
**သုဝဏ္ဏဘူမိ-သထုံအသင်း (ရန်ကုန်)**
**အသင်းဝင်အမှတ်(၄၁၁)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွကုန်းဈေးကြွယ်(က) ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၃၀)၊ လေးလွှာနေ (ဦးချစ်စန်း)၏ဇနီး ဒေါ်အေးသန်းသည် ၁၁-၈-၂၀၂၀ (အင်္ဂါနေ့) ည ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/သားများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**သုဝဏ္ဏဘူမိ-သထုံအသင်း (ရန်ကုန်)**

---

**နတ်တလင်းမြို့နယ်အသင်း (ရန်ကုန်)**

## ဦးချစ်လွင်
**သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**
## အသက် (၇၆) နှစ်

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ (၉)လမ်း၊ အမှတ်(၇၈၅)နေ ဒေါ်ခင်ဝင်းရည်၏ခင်ပွန်း ရာသက်ပန်အသင်းဝင် ဦးချစ်လွင် (စာရေးဆရာ-နတ်တလင်းချစ်လွင်)သည် ၁၂-၈-၂၀၂၀ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၈-၂၀၂၀ ရက် ညနေ ၃ နာရီတွင် မော်လမြိုင်မြို့၊ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသား/သူများအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

---

**ရွှေတောင်မြို့နယ်အသင်း (ရန်ကုန်)**
**ရဟန်းဒါယကာ**

## ဦးမျိုးမြင့်စံ
## အသက် (၆၀)

ကင်ပွန်းချုံလမ်း၊ ကြာနီကန်ရပ်ကွက်၊ ရွှေတောင်မြို့နေ (ဦးစံပွင့်-ဒေါ်ပု)တို့၏သားကြီး၊ ဒေါ်ခင်မိုးဝေ၏ ခင်ပွန်း ဦးမျိုးမြင့်စံသည် ၁၂-၈-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၉:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၂၀ ရက် ညနေ ၃ နာရီတွင် တရုတ်သုသာန်၌ ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ အသိပေး အကြောင်းကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင် Time Square အိမ်ရာစီမံကိန်း၊ တိုက်အမှတ် (C-2) အခန်းအမှတ် (B/907)၏ အမည်ပေါက် ဦးသန်းထွန်း [၁၂/တမန(နိုင်)၀၄၄၇၈၃]ထံမှ ဒေါ်မေစီ(ခ) ဒေါ်ခင်တီ [၁/ဗမန(နိုင်)၀၀၅၅၆၇]က ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် ၎င်းအမည်သို့ပြောင်းလဲ၍ ပိုင်ဆိုင်မှုမှတ်ပုံတင်စာအုပ် (Owner Book) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## သင့်
## သွေးဖြင့်
## အသက်ကယ်ပါ

## ဒေါ်ခင်ကြည်(ဖျောက်ဆိတ်ကုန်းရွာ)
## အသက်(၈၄)နှစ်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဖျောက်ဆိတ်ကုန်းရွာနေ ဦးထွန်းကြိုင်၏ ဇနီး၊ ဦးချိုသန်း-ဒေါ်ခင်ဆင့်၊ ဦးချိုမြင့်-ဒေါ်ကြွယ်ကြွယ်စိမ်း၊ ဒေါ်ခင်မာချိုတို့၏ မိခင်၊ မသင်းအိအိချို၊ မအေးမြတ်မြတ်ချို၊ မောင်မင်းမိုးသောက်တို့၏ အဘွားသည် ၁၃-၈-၂၀၂၀ (ကြာသပတေးနေ့) ည ၁၁:၅၀ နာရီတွင် ဖျောက်ဆိတ်ကုန်း နေအိမ်၌ ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄-၈-၂၀၂၀ (သောကြာနေ့) ညနေ ၄ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသန်းလှိုင် (မြစ်ခြေ/သရက်တော)
## အသက် (၇၅) နှစ်

ပခုက္ကူမြို့နယ်၊ မြစ်ခြေမြို့၊ သရက်တောကျေးရွာနေ (ဦးထော်-ဒေါ်သေးတင်)တို့၏သား၊ ဦးအောင်ရွှေ-(ဒေါ်မြင့်မြင့်)၊ ဦးလှမောင်-ဒေါ်သိန်းကြည်၊ ဦးအောင်နိုင်-(ဒေါ်သိန်းကြွယ်)၊ (ဦးစိုးမြင့်)တို့၏ညီ/မောင်၊ ဦးသန်းကြိုင်-ဒေါ်ညွှန့်ညွှန့်ငွေ၊ (ဦးအေးမောင်)၊ ဦးအောင်ရင်-ဒေါ်သန်းသန်းတို့၏အစ်ကို၊ အမှတ်(၂)၊ ဥဿဖယားလမ်း၊ ကျိုက္ကဆံရပ်ကွက်နေ (ဒေါ်လှဦး)၏ခင်ပွန်း၊ ဦးထွန်းလင်း-ဒေါ်မြင့်မြင့်စမ်း(Tun Thwin Minning Co.,Ltd)တို့၏ဖခင်၊ မြေး နှစ်ယောက်၊ မြစ် နှစ်ယောက်တို့၏အဘိုး ဦးသန်းလှိုင်သည် ၁၄-၈-၂၀၂၀ (သောကြာနေ့) နံနက် ၂:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၄၃၊ ၁၆၆-လမ်း၊ တာမွေကြီး-ခ ရပ်ကွက်နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကောင်ရှန်ရှန်း (ခ) ဦးနိုင်ဦး
## အသက် (၆၃) နှစ်

လသာမြို့နယ်၊ အမှတ်(၇၁)၊ ပထမထပ်၊ စဉ့်အိုးတန်းလမ်းနေ (ဦးကံချောင်း-ဒေါ်ညွန့်ရီ)တို့၏သား၊ ကောင်ကို့ရှန်၊ မွေးလုံး (ခ) ကောင်ရှုမေ၊ ကောင်ဟန့်ရှန် (ခ) ကိုစိုးနိုင်တို့၏ညီ၊ မသန်းသန်း၊ ကိုမောင်မောင်တို့၏ အစ်ကို ကောင်ရှန်ရှန်း (ခ) ဦးနိုင်ဦးသည် ၁၃-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ထားဦး (သံတွဲ)
**တွဲဖက်ပါမောက္ခ(ဌာနမှူး)**
**အင်္ဂလိပ်စာဌာန၊ အနောက်ပိုင်းနည်းပညာတက္ကသိုလ်**
## အသက် (၅၉) နှစ်

ရန်ကုန်မြို့၊ မင်းဓမ္မတက္ကသိုလ်ဆရာများရိပ်သာ၊ တိုက်(C-၁၀)၊ (၁၁)လွှာ၊ အခန်း(၈)နေ (ဦးအောင်ထွန်းတင်)-ဒေါ်ညိုတင်တို့၏သမီးကြီး၊ မောင်ကောင်းမြတ်အောင်၏မိခင်၊ ဒေါ်ခင်ဘုန်းမြင့်၊ ဒေါ်ခင်အုန်းမြင့်၊ (ဒေါ်ခင်အေးမြင့်)၊ ကိုထင်ကျော်လင်း၊ ကိုတင်ထွန်းလင်း၊ မခင်နီနီမြင့်တို့၏ အစ်မကြီး ဒေါ်ခင်ထားဦးသည် ၁၃-၈-၂၀၂၀ ရက် နံနက် ၁၀:၁၈ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီး(ဂျပန်ဆေးရုံ)၌ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာမြတ်မော် (ခေတ္တ-မလေးရှား)
**M.B.B.S, M.Med.Sc (Surgery)**
**I.M.R.C.S (Ireland), M.R.C.G.P (INT)**
**General Surgeon and Family Physician**
## အသက် (၅၆) နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၁)၊ သုံးလွှာ၊ (၆၂)လမ်း၊ (၃) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်နေ [ဦးညွန့်မော်(ညွန်ကြားရေးမှူး-ငြိမ်း)]- ဒေါ်မြင့်မြင့်(ဌာနခွဲမှူး-ငြိမ်း၊ ရုပ်ရှင်လုပ်ငန်း)၏ချစ်လှစွာသောတစ်ဦးတည်းသောသား၊ (ဗိုလ်ကြီးမောင်မောင်)၊ ဒေါ်စမ်းစမ်းလတ်တို့၏သားသမက်၊ ဒေါ်မျိုးမောင်မောင်၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာမြတ်မော်သည် ၁၄-၈-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် မလေးရှားနိုင်ငံ၊ Maharani Specialist Hospital ၌ ရုတ်တရက်ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## မသင်းမီမီအောင်
**မြန်မာ့ရေနံဆောင်ဘဏ်**
## အသက် (၃၅) နှစ်

ဗိုလ်မှူးကြီးသာအောင် (ငြိမ်း)-ဒေါ်ငွေးငွေး၊ အမှတ်(၁၄)၊ ပ-ထပ်၊ မနောဟရလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်တို့၏သမီး မသင်းမီမီအောင်သည် ၁၄-၈-၂၀၂၀ (သောကြာနေ့) နံနက် ၄:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းမြို့နှင့် ထန်တလန်မြို့ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

ထန်တလန် ဩဂုတ် ၁၄

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ်၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ဖလမ်းမြို့ မြို့တော်ခန်းမတည်ဆောက်နေမှု၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသစ်တည်ဆောက်ပြီးစီးမှု၊ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံတိုးချဲ့ဆောင်တည်ဆောက်နေမှု၊ ဖလမ်း(ဆူရ်ဘုန်)လေယာဉ်ကွင်း တည်ဆောက်နေမှု၊ Cyclone Shelter ဆောက်လုပ်နေမှု၊ ထန်တလန်မြို့ စက်မှုအထက်တန်းကျောင်း၊ ထန်တလန် လျှပ်စစ်ဓာတ်အားခွဲရုံနှင့် ထန်တလန် ပြည်သူ့ဆေးရုံတိုးချဲ့ဆောင် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့ မြို့တော်ခန်းမတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီး ဦးစိုးထက်က တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်းဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# မန္တလေးတိုင်းဒေသကြီး၌ မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှုသူ ၁၃ သိန်းကျော်နှင့် ပြင်ဆင်ဖြည့်စွက်ရန် လျှောက်ထားသူ ၁၇၀၀၀၀ ကျော်ရှိ

မန္တလေး ဩဂုတ် ၁၄

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မဲစာရင်းများအား ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၁၃ ရက်အထိ ရက်ပေါင်း ၂၀ အတွင်း လာရောက်ကြည့်ရှုသူ ၁၃ သိန်းကျော်ရှိပြီး ၎င်းတို့အနက် ပြင်ဆင်ဖြည့်စွက်တောင်းဆိုရန် လျှောက်ထားသူ ၁၇၀၀၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။



အဆိုပါ မဲဆန္ဒရှင်စာရင်းများအား ပထမအကြိမ်အဖြစ် ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ ၁၄ ရက်ကြာ ကပ်ထားကြေညာရန် သတ်မှတ်ခဲ့ပြီးနောက် ဩဂုတ် ၁၄ ရက်အထိ ခုနစ်ရက် ထပ်မံတိုးမြှင့်၍ ကပ်ထားကြေညာပေးခဲ့သည်။ လာရောက်ကြည့်ရှုသူဦးရေမှာ ဩဂုတ် ၁၃ ရက်အထိ ရက်ပေါင်း ၂၀ ကာလအတွင်း ၁၃၀၀၇၉၀ ရှိပြီး ၎င်းတို့အနက် ပုံစံ(၃)ဖြင့် တောင်းဆိုသူ ၉၉၇၆၀၊ ပုံစံ(၄)ဖြင့် ကန့်ကွက်သူ ၂၆၄၅၂ ဦးနှင့် ပုံစံ(၄-က)ဖြင့် ပြင်ဆင်သူ ၅၀၀၄၂ ဦး စုစုပေါင်း ပြင်ဆင်ဖြည့်စွက်တောင်းဆိုရန် လျှောက်ထားသူ ဦးရေမှာ ၁၇၆၂၅၄ ဦးရှိကြောင်း သိရသည်။

"၂၀၂၀ ရွေးကောက်ပွဲမှာ မန္တလေးတိုင်းဒေသကြီးက မဲပေးခွင့်ရှိတဲ့ မဲဆန္ဒရှင်စာရင်းက ၂၀၁၅ ခုနှစ်ထက် တစ်သိန်းခွဲခန့် များလာသလို မဲစာရင်းကို စိတ်ဝင်တစား လာရောက် ကြည့်ရှုကြတဲ့ မဲဆန္ဒရှင်အရေအတွက်ကလည်း သိသိသာသာကို တိုးတက်လာပါတယ်။ ဒါ့အပြင် လွှတ်တော်အသီးသီးမှာ ဝင်ရောက်အရွေးခံကြမယ့် ကိုယ်စားလှယ်လောင်းဦးရေကလည်း ၂၀၁၅ ခုနှစ်က ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲထက် ပိုပြီးများပြားလာတာကို တွေ့ရတယ်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖

# ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ဩဂုတ် ၂၂ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနေရှင်နယ်လိဂ်၏ ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ လက်ကျန်ပွဲများကို ဩဂုတ် ၂၂ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်ဇယားကို ယနေ့တွင် အတည်ပြုထုတ်ပြန်လိုက်သည်။

မြန်မာနေရှင်နယ်လိဂ်၏ ကလပ်အသင်းများနှင့် အစည်းအဝေးပြုလုပ်ကာ ပွဲစဉ်ဇယားကို ယခုကဲ့သို့ အတည်ပြုခဲ့ခြင်းဖြစ်သည်။ ပထမဆုံးကျင်းပမည့် ပွဲစဉ်(၁၀)တွင် လေးပွဲသာ ပါဝင်မည်ဖြစ်ပြီး ဩဂုတ် ၂၂ ရက်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် Southern အသင်း၊ မကွေးအသင်းနှင့် ရန်ကုန်အသင်း၊ ဩဂုတ် ၂၃ ရက်တွင် ရတနာပုံအသင်းနှင့် အားကာသိပ္ပံအသင်း၊ ဧရာဝတီအသင်းနှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။




**ကစားရဖွယ်ရှိ**

ပထမအကျော့ပြီးဆုံးရန် ပွဲစဉ်နှစ်ပွဲကျင်းပရန်ကျန်ရှိပြီး ပထမအကျော့ပွဲစဉ်များမှာ ဩဂုတ် ၂၇ ရက်တွင် ပြီးဆုံးမည်ဖြစ်ကာ ဒုတိယအကျော့ပွဲစဉ်များကို ဩဂုတ် ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ လက်ကျန်ပွဲများကို သုဝဏ္ဏကွင်း၊ YUSC ကွင်းနှင့် ပဒုမ္မာကွင်းတို့၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲကို တစ်လခွဲအတွင်း အပြီးကျင်းပရန် ဆောင်ရွက်ထားကာ အသင်းတစ်သင်းလျှင် ၁၀ ရက်၊ သုံးပွဲနှုန်း ကစားရဖွယ်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❑


ကြေးမုံ ယနေ့ ဖတ်စရာ

မိုးစပါးမျိုးစေ့ထုတ်စိုက်ကေတစ်သိန်း စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် ငွေကျပ် ၁၄၉၁၁ ဒသမ ၃၃ သန်းကို CERP အရ ထောက်ပံ့ပေးသွားမည်

စာမျက်နှာ » ၉

အစားအစာ ထုတ်လုပ်ဖြန့်ဝေမှုများကြောင့် ဗိုင်းရပ်စ်ကူးစက်သည်ဆိုသည့် ခိုင်မာသော အထောက်အထား မတွေ့ရှိသေး

စာမျက်နှာ » ၁၃

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၆

အစိုးရ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ UPDJC အတွင်းရေးမှူးများနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

စာမျက်နှာ » ၂၀


## လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် ဩဂုတ် ၁၄

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေနှင့် အနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ မိုး/ဇလ

